# မြဝတီ

နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ★ ပြည်ထောင်စုမပြိုကွဲရေး။
- ★ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ★ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


■ www.myawady.net.mm
■ E-mail: mwddailynewspapergroup @ gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၃၆)

■ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ အင်္ဂါနေ့


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ တိုလန်းနှင့်ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဗီယက်နမ်နိုင်ငံသမ္မတနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် စီးပွားရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။

ထို့အပြင် မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်ရှိပြီး ဗီယက်နမ်နိုင်ငံရှိ ဒီဂျစ်တယ်နည်းပညာနှင့် စက်မှုလုပ်ငန်းများကို သွားရောက်လေ့လာသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

မြဝတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်

**လူငယ်များအနေဖြင့် ကမ္ဘာ့အခြေအနေ အရပ်ရပ်ကို မျက်ခြည်မပြတ်သိရှိပြီး သိပ္ပံနှင့် နည်းပညာအခြေပြုစွန့်ဦးတီထွင်မှုများ ပိုမိုဆောင်ရွက်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် မသီရိစိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင်ထူးချွန်စွာအောင်မြင်ခဲ့သည့်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊

**စာမျက်နှာ ၁၅ ကော်လံ ၁** ★

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ**

စာ - ၇ သို့

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ**

စာ - ၇ သို့

**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ**

စာ - ၇ သို့

# အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁ ရက်

## ဥပဒေဘောင်အတွင်းမှလူငယ်တို့၏အနာဂတ်

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံပြန်လည်အပ်နှံပေးလျက်ရှိသည်။

နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDFအမည်ခံ အဖွဲ့များမှ အဖွဲ့ဝင်များသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ထပ်မံဝင်ရောက်လာကြသည်။ အဆိုပါဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ဩဂုတ်လ ၂၈ ရက်က အနောက်မြောက်တိုင်းစစ်ဌာနချုပ်တွင်ကျင်းပခဲ့ရာ အမျိုးသား ၈၉ ဦးနှင့် အမျိုးသမီး ၆ ဦး စုစုပေါင်း ၉၅ ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ အဆိုပါဝင်ရောက်လာသူများနှင့်အတူ လက်နက်ခဲယမ်းများပါရှိလာခဲ့ရာ လက်နက်ခဲယမ်းများအတွက် နိုင်ငံတော်မှ ဆုကြေးငွေပေါင်း ၃၉၇ သိန်း ၅ သောင်းကျပ်နှင့်စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ကလေးမြို့ရှိ အောင်ဆန်းခန်းမ၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ပြုလုပ်ခဲ့ရာ အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး ၃ ဦး စုစုပေါင်း ၄၅ဦးတို့ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသည်။ ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်ခဲယမ်းများအတွက် ဆုကြေးငွေပေါင်း **၁၀၆၆ သိန်း ၅ သောင်းကျပ်နှင့်** စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား နိုင်ငံတော်နှင့်တပ်မတော်မှနွေးထွေးစွာကြိုဆိုကြပြီး မိဘအုပ်ထိန်းသူများထံ ကောင်းမွန်စွာပြန်လည်အပ်နှံခဲ့သည့်အတွက် မိဘများအနေဖြင့် ဝမ်းသာကြည်နူးလျက်ရှိကြသည်။

အကြောင်းအမျိုးမျိုးကြောင့် PDF အဖွဲ့သို့ရောက်ရှိသွားကြသည့် လူငယ်မောင်မယ်များအနေဖြင့် မြန်မာနိုင်ငံသားများဖြစ်ပြီး ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာခြင်းဖြင့် ၎င်းတို့၏အနာဂတ်ဘဝခရီးလမ်းကိုအေးချမ်းသာယာစွာဖြတ်သန်းနိုင်ကြပြီဖြစ်သည်။ မိဘများအနေဖြင့် မိမိတို့၏ရင်သွေးများ လမ်းမှားလိုက်မိသည့်အတွက် စိတ်ပူပင်ရခြင်းမှ ကင်းဝေးသွားပြီး စိတ်ချလက်ချနေထိုင်နိုင်ကြသည်။ ပညာရေးတစ်ပိုင်းတစ်စဖြစ်နေသူများအတွက် ပညာရေးလမ်းကြောင်း၊ အလုပ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်နိုင်သည့်လမ်းကြောင်းတွင် အေးဆေးစွာဖြတ်သန်းနိုင်ကြပြီဖြစ်သည်။

နိုင်ငံတော်ထံအလင်းဝင်ရောက်ပါက ရိုက်နှက်ထောင်ချခံရမယ် ဟူသောသတင်းအမှားသည် ယခုကိုယ်တိုင်ဝင်ရောက်လာသူများအနေဖြင့် မဟုတ်မမှန်ကြောင်းသိရှိသွားကြပြီဖြစ်သည်။ တပ်မတော်က မောင်နှမအရင်းအချာများကို ဆက်ဆံသလိုနွေးထွေးစွာကြိုဆိုဆက်ဆံခြင်း၊ အစားအသောက်မှအစ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးသည့်အပြင် မိဘအုပ်ထိန်းသူများထံလွှဲပြောင်းပေးခြင်း၊ မိမိတို့တွင် လက်နက်ခဲယမ်းများပါရှိလာပါက အဆိုပါလက်နက်ခဲယမ်းများအတွက် ဆုကြေးငွေများကိုအမှန်တကယ်ပေးအပ်ခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများ၏မျက်နှာများပေါ်တွင် အပြုံးများနှင့် စိတ်ချမ်းသာမှုကိုယ်စီရှိနေကြပြီဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့်တပ်မတော်တို့၏စေတနာ၊ မေတ္တာတို့သည် သူတို့အတွက်အမှန်တကယ်လက်တွေ့ရရှိနေပြီဖြစ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်ရန်ကျန်ရှိနေသော သူငယ်ချင်းများကိုလည်း အမြန်ဆုံး ဥပဒေဘောင်အတွင်းဝင်ရောက်ရန် သူတို့ကိုယ်တိုင်ဖိတ်ခေါ်နေကြပြီဖြစ်သည်။ လူဆိုသည်မှာ မိမိဘဝကိုမိမိကိုယ်တိုင်ရုန်းကန်လှုပ်ရှားနေရခြင်းဖြစ်သည်။ မကောင်းမှုကိုမကောင်းမှန်းသိ၍ အချိန်မီပြုပြင်ကာ ဥပဒေဘောင်အတွင်းဝင်ရောက်လာခြင်းမှာ မိမိအနာဂတ်ကိုအကောင်းဆုံးဆောင်ရွက်ချက်ဖြစ်သည်။ ဥပဒေဘောင်အတွင်း နေထိုင်ခြင်းမှာ ဘေးကင်းရန်ကွာအလွန်ပင်ချမ်းသာစွာနေရခြင်းဖြစ်ပေရာ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းအမျိုးမျိုးတွင် ကျန်ရှိနေသော လူငယ်မောင်မယ်များအနေဖြင့် ဥပဒေဘောင်အတွင်းသို့ဝင်ရောက်ခြင်းဖြင့် မိမိတို့၏အနာဂတ်လူမှုစီးပွားဘဝကိုအေးချမ်းသာယာအောင် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်နှင့် Animation ဗီဒီယိုပြိုင်ပွဲဖိတ်ခေါ်ခြင်း

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်မည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်ဒီဇိုင်းရေးဆွဲခြင်းပြိုင်ပွဲ(လျှင်၊ လေပြင်း၊ ရေဘေး)နှင့် Animation ဗီဒီယိုဖန်တီးခြင်းပြိုင်ပွဲ (မိုးခေါင်ရေရှား၊ မိုးကြိုး၊ အယ်လ်နီညို) တို့အတွက် ပြိုင်ပွဲဝင်ဒီဇိုင်း Hard Copy နှင့် Soft Copy များကို ၁၅-၉-၂၀၂၆ ရက်နေ့၊ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်၊ အီးမေးလ် myanmareoc.ddm@gmail.com သို့ ပေးပို့ယှဉ်ပြိုင်နိုင်ပါကြောင်း ထပ်မံနှိုးဆော်အပ်ပါသည်။

သဘာဝဘေးအန္တရာယ်များကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုကို လျှော့ချပေးနိုင်မည့် မွန်မြတ်သောလုပ်ငန်းစဉ်တွင် မိမိ၏ကျွမ်းကျင်မှုနည်းပညာ၊ ဖန်တီးနိုင်မှုစွမ်းအားတို့ဖြင့် ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းကို အပြည့်အဝအသုံးချနိုင်ရေးအတွက် အချိန်မီယှဉ်ပြိုင်ပေးပို့ပေးနိုင်ပါရန် တန်ဖိုးထားဖိတ်ခေါ်အပ်ပါသည်။

ဘာသာရပ်ဆိုင်ရာအချက်အလက်များနှင့် နမူနာလက်ကမ်းစာစောင်များ သိရှိလိုပါက အောက်ပါ QR Code ကို ဖတ်ရှု၍ ရယူသုံးစွဲနိုင်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၆၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၉-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၅ | တရားတော် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး |
| ၃။ | ၀၇:၁၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၀၇:၄၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် |
| ၆။ | ၀၉:၅၀ | တွေးမယ်ဖြေမယ် |
| ၇။ | ၁၀:၄၅ | စိုက်ပျိုးသုတ |
| ၈။ | ၁၂:၁၅ | လေးစားအတုယူစံနမူသူရဲကောင်းများ |
| ၉။ | ၁၂:၃၀ | မျှဝေဆွေးနွေးအနာဂတ်အရေး |
| ၁၀။ | ၁၂:၅၀ | ကျန်းမာသုတ |
| ၁၁။ | ၁၃:၁၅ | တစ်ပတ်အတွင်း ထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၁၂။ | ၁၄:၁၅ | Sharing Knowledge |
| ၁၃။ | ၁၄:၃၀ | အဟောင်းထဲမှ အကောင်းဆုံးတေးသီချင်းကဏ္ဍ |
| ၁၄။ | ၁၉:၀၀ | **နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက်-ဒီရင်ကျယ် အပိုင်း(၂၆)** |
| ၁၅။ | | နိုင်ငံတကာသတင်း |
| ၁၆။ | | မိုးလေဝသသတင်း |
| ၁၇။ | | မေးမြန်းစူးစမ်း |
| ၁၈။ | | ဆောင်းပါးပေါ်မှစာစုများ |

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး (မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး (အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း (ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း
**စာတည်းအဖွဲ့ (မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
**စာတည်းအဖွဲ့ (အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့ (နေပြည်တော်)** - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့ (ရန်ကုန်)** - ဦးရဲစိုးအောင်

Online Newspaper

**နေပြည်တော်**
**စာတည်းအဖွဲ့** ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
**စာတည်းအဖွဲ့** ၀၃၁-၇၄၀၂၃၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သတိပြုနေထိုင်သင့်သော နှလုံးသွေးကြောကျဉ်းရောဂါ

ဒေါက်တာလွင်သန့်

နှလုံးတွင် အခန်းလေးခန်းရှိပြီး နှလုံး၏အဓိကတာဝန်မှာ အောက်ဆီဂျင်များကို တစ်ကိုယ်လုံးဖြန့်ဝေပေးရန်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်များ ပြန်လည်သယ်ဆောင်ကာ ခန္ဓာကိုယ်တွင် အောက်ဆီဂျင်ရရှိရေးအတွက် ဆောင်ရွက်ပေးသည်။

သန္ဓေသားဘဝတွင် အောက်ဆီဂျင်ကို မိခင်ဆီမှ ရရှိပြီး မွေးဖွားပြီးသည်နှင့် အဆုတ်က စတင်အလုပ်လုပ်ကာ အသက်ရှူနိုင်သည်။

ယနေ့ခေတ်တွင် ကုသမှုများတိုးတက်လာရာ နှလုံးတွင်ပြဿနာရှိလျှင် သန္ဓေသားဘဝတွင်ပင် ပြင်၍ရသည်။ မွေးပြီးသည်အထိနေခြင်းကို အလွန်နောက်ကျသည်ဟု အနောက်နိုင်ငံများက ယူဆကြသည်။

မြန်မာနိုင်ငံ၌ဖြစ်ပွားသော နှလုံးရောဂါများမှာ မွေးရာပါနှလုံးရောဂါ၊ နှလုံးအဆို့ရှင်ပျက်စီးသည့်ရောဂါများဖြစ်ပြီး နှလုံးအခန်းထဲသို့ သွေးဝင်၊ သွေးထွက်လမ်းကြောင်းတွင် ရောဂါမျိုးစုံဖြစ်ပွားနိုင်သည်။ နောက်ထပ်အဖြစ်အများဆုံးမှာ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပြီး နှလုံးအဆို့ရှင်ပျက်စီးသည့်ရောဂါမှာလည်းအဖြစ်များသည်။ လေးဖက်နာပိုးဝင်ပြီး ကြာလာလျှင် နှလုံးအဆို့ရှင်များရောင်ရမ်းကာ နောက်ဆုံး နှလုံးအဆို့ရှင်များတွင် အမာရွတ်ဖြစ်သွားသည်။ ထိုသို့အဆို့ရှင်ပျက်စီးခြင်းကို အဆို့ရှင်ချဲ့၍ရလျှင် ချဲ့ပေးနိုင်ပြီး ချဲ့၍မရလျှင် အဆို့ရှင်လဲပေးနိုင်သည်။

နှလုံးရောဂါဖြစ်ပွားမှုများရခြင်းနှင့် နှလုံးသွေးကြောကျဉ်းရောဂါက လူနေထိုင်မှုပုံစံနှင့်ဆက်စပ်နေသည်။ နှလုံးသွေးကြောကျဉ်းရောဂါသည် မွေးရာပါရောဂါမဟုတ်ဘဲ လူတို့၏နေထိုင်စားသောက်မှုပုံစံကြောင့် ဖြစ်ပွားသည့်ရောဂါဖြစ်သည်။ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားရခြင်းမှာ အစားအသောက်၊ အနေအထိုင်၊ အလေ့အကျင့်နှင့် များစွာသက်ဆိုင်သည်။ အဓိကမှာ အသင့်အမြန်စားအစားအစာများ အပြင် ဓာတုပစ္စည်းများဖြင့် ပြုပြင်ထားသောအစားအစာများ စားသုံးမှုများသောကြောင့်ဖြစ်သည်။

နှလုံးသွေးကြောကျဉ်းရောဂါသည် နှလုံးသွေးကြော၏အတွင်းဆုံးအလွှာကို ထိခိုက်ရာမှစတင်ဖြစ်ပွားသည်။ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွား

**"သွေးတွင်းကိုလက်စထရောများခြင်းက နှလုံးသွေးကြောများကျဉ်းစေ၍ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်စေနိုင်သည့် အဓိကအကြောင်းရင်းဖြစ်သည်။ သွေးအတွင်း များနေသည့်ကိုလက်စထရောက သွေးကြော၏အတွင်းဘက်နံရံများတွင် စုပုံရာမှ သွေးကြောကျဉ်းလာပြီး နှလုံးဆီသို့ လိုအပ်သည့်အောက်ဆီဂျင်နှင့်အာဟာရဓာတ်များ မရောက်ရှိတော့ပေ။**

**အဆီစားသုံးမှုလျှော့ချပြီး အမျှင်ဓာတ်ပိုစားသုံးသင့်သည်။ ပြည့်ဝဆီစားသုံးမှုကို လျှော့ချပြီး သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ကောက်နှံနှင့်အမျှင်ဓာတ်များစားသုံးခြင်းက နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားနိုင်ခြေကို လျှော့နည်းစေနိုင် . . ."**

ရခြင်း၏ အဓိကအကြောင်းရင်းမှာ ဆေးလိပ်သောက်ခြင်း၊ သွေးတိုးရောဂါရှိခြင်း၊ သွေးတွင်းကိုလက်စထရောများခြင်း၊ ဆီးချိုသွေးချိုရောဂါရှိခြင်း၊ လှုပ်ရှားမှုနည်းပါးသော လူနေထိုင်မှုပုံစံရှိခြင်းတို့ကြောင့် အဖြစ်များသည်။

နှလုံးသွေးကြောကျဉ်းရောဂါ မဖြစ်ပွားအောင် ဆေးလိပ်သောက်ခြင်းကိုရှောင်ကြဉ်ရမည်။ ဆေးလိပ်မသောက်သူများသည် ဆေးလိပ်သောက်သူများထက် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်း လျော့နည်းစေသည်။ ဆေးလိပ်သောက်သုံးသူများ ဆေးလိပ်ဖြတ်ပြီး လပိုင်းအတွင်းတွင် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားနိုင်ခြေ သိသိသာသာလျော့နည်းသွားစေသည်။

ဆီးချိုသွေးချိုရောဂါရှိသူများသည် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေပိုများပြီး အမျိုးသမီးများတွင် သုံးဆမှ ခုနစ်ဆအထိဖြစ်နိုင်ခြေပိုများကာ အမျိုးသားများတွင် နှစ်ဆမှ သုံးဆပိုများသည်။ ဆီးချိုသွေးချိုရောဂါမျိုးရိုးရှိသူများတွင် နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်နိုင်ခြေပိုများသည်။

သွေးတွင်းကိုလက်စထရော လျှော့ချသင့်သည်။ သွေးတွင်းကိုလက်စထရောများခြင်းက နှလုံးသွေးကြောများကျဉ်းစေ၍ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်စေနိုင်သည့် အဓိကအကြောင်းရင်းဖြစ်သည်။ သွေးအတွင်း များနေသည့်ကိုလက်စထရောက သွေးကြော၏အတွင်းဘက်နံရံများတွင် စုပုံရာမှ သွေးကြောကျဉ်းလာပြီး နှလုံးဆီသို့ လိုအပ်သည့် အောက်ဆီဂျင်နှင့်အာဟာရဓာတ်များ မရောက်ရှိတော့ပေ။

အဆီစားသုံးမှုလျှော့ချပြီး အမျှင်ဓာတ်ပိုစားသုံးသင့်သည်။ ပြည့်ဝဆီစားသုံးမှုကိုလျှော့ချပြီး သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ကောက်နှံနှင့်အမျှင်ဓာတ်များစားသုံးခြင်းက နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားနိုင်ခြေကိုလျော့နည်းစေနိုင်သည်။ ဗီတာမင်-C ကြွယ်ဝသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးများစားသုံးခြင်းက နှလုံးသွေးကြောကျဉ်းရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ဟင်းသီးဟင်းရွက်များစားသုံးပြီး နေထိုင်မှုပုံစံကိုပြောင်းလဲလိုက်လျှင် နှလုံးသွေးကြောကျဉ်းရောဂါမဖြစ်ပွားအောင် အထောက်အကူဖြစ်စေနိုင်သည်။

အဝမလွန်အောင်ထိန်းသိမ်းသင့်သည်။ အဝလွန်ခြင်းနှင့်လှုပ်ရှားမှုနည်းသည့် နေထိုင်မှုပုံစံက နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်နိုင်ခြေကိုများစေသည်။ လူတိုင်း ခန္ဓာကိုယ်အချိုးအဆ(BMI) ၁၈ ဒသမ ၉ မှ ၂၄ ဒသမ ၉ အတွင်းရှိသင့်သည်။ ဝမ်းဗိုက်အဆီများနေသူများအနေဖြင့် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေကို များစေသည်။

ဖောလိတ်နှင့်ဗီတာမင်- B6 ဖြည့်စွက်သောက်သုံးသင့်သည်။ ဟိုမိုစစ်စတင်းဓာတ်များပါက သွေးတွင်းကိုလက်စထရောပမာဏမြင့်စေပြီး နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားနိုင်ခြေမြင့်မားစေသည်။ ဖောလိတ်နှင့် ဗီတာမင်- B6 က မြင့်မားသည့် ဟိုမိုစစ်စတင်းပမာဏကို ပုံမှန်ဖြစ်အောင် လျှော့ချပေးနိုင်သည်။

လူတို့၏နေ့စဉ်နေထိုင်မှုပုံစံတွင် အထိုင်များလာကာ လှုပ်ရှားမှုနည်းလာခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါကိုဖြစ်ပွားစေသည်။ နေ့စဉ် နာရီဝက်မှ တစ်နာရီကြာ လေ့ကျင့်ခန်းတစ်ခု ပုံမှန်ပြုလုပ်ပေးလျှင် ခန္ဓာကိုယ်၏အင်ဆူလင်တုံ့ပြန်မှုကို ကောင်းမွန်စေပြီး နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်သည်။

နှလုံးသွေးကြောများက နှလုံးဆီသို့ အောက်ဆီဂျင်နှင့်အာဟာရဓာတ်များပို့ဆောင်ပေးသည်။ နှလုံးသွေးကြောကျန်းမာမှ နှလုံးကျန်းမာပြီး ခန္ဓာကိုယ်လည်းကျန်းမာမည်ဖြစ်သည်။ ထိုသို့ထောက်ပံ့ပေးနေသော သွေးကြောထဲတွင် အဆီများစုပုံလာပါက သွေးကြောများက နှလုံးဆီသို့ သွေးစီးဆင်းနိုင်မှုကျဆင်းလာသည်။ ထိုသို့သွေးစီးဆင်းနိုင်မှုကျဆင်းလာသည့်အခါ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ ပြတ်တောင်းပြတ်တောင်းရှူရခြင်းမျိုးခံစားရနိုင်သည်။

ယခုနောက်ပိုင်း လူနေထိုင်မှုပုံစံများတွင် အထိုင်များခြင်း၊ လေ့ကျင့်ခန်းပြုလုပ်မှုနည်းပါးခြင်းတို့ကြောင့် သွေးတွင်းကိုလက်စထရောများရာမှတစ်ဆင့် နှလုံးသွေးကြောကျဉ်းရောဂါ အဖြစ်များလာသည်။ နှလုံးသွေးကြောကျဉ်းရောဂါသည် ဆယ်စုနှစ်ကြာ ထိပ်ဆုံးသို့ရောက်လာမည့် လူကိုမကူးစက်နိုင်သော သေဆုံးမှုများနိုင်ဖွယ်ရှိသည့်ရောဂါတစ်မျိုးအဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## တတိယအကြိမ်မြောက် ဟိုတယ်ဝန်ဆောင်မှုပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃၁**

International Five Star Hospitality Management Institute ၏ တတိယအကြိမ်မြောက် ဟိုတယ်ဝန်ဆောင်မှုပြိုင်ပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Novotel Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် IFS Academic Manager ဦးအောင်သူက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဆရာမဒေါ်ချောစုအောင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် International Five Star Hospitality Management Institute တွင် Housekeeping ဘာသာရပ်ပိုင်းဆရာ ဦးကျော်မိုးနိုင်နှင့် ဆရာ၊ ဆရာမများက ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုတံဆိပ်နှင့် အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။ အပြည်ပြည်ဆိုင်ရာကြယ်ငါးပွင့်ဟိုတယ်နှင့် ညှိ့ဝတ်ပြုမှုစီမံခန့်ခွဲရေးသင်တန်းကျောင်းကို ကမာရွတ်မြို့နယ် အောင်မြေသာစည်အိမ်ရာ၌ ၂၀၂၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး Housekeeping နှင့် Bed Making ပိုင်းတွင် ထူးချွန်သောကျောင်းသားများကိုမွေးထုတ်ကာ အနာဂတ် Hotel Industry အတွက် အရည်အချင်းပြည့်ဝသော လူငယ်များဖြစ်လာစေရန်၊ လူငယ်များ မိမိဝါသနာပါရာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် နိုင်ငံ၏ ခရီးသွားမြှင့်တင်ရေးတွင် ဟန်ချက်ညီစွာ လိုက်ပါဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာ ဟိုတယ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်ပေါင်တန်းလုပ်ဆောင်နိုင်ရန်နှင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**နေကိုထိုက်**

➠ ကျောဖုံးမှအဆက်

တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား) (၄)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကိုနှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲ၊ ချင်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကိုနှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး) (၄)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကိုနှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ခုနှစ်စက်တင်ဘာလ၁ရက်**(ယနေ့)** နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) (၄)ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင်တတိယလုပွဲပွဲစဉ်အား ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး) (၄)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲ ပွဲစဉ်အား ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။


**မြဝတီ**

# မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာ-ထိုင်းနှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ တရားဝင်သံတမန်ဆက်ဆံရေးထူထောင်ခဲ့ကြသည်မှာ (၇၆)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်၍ တိုးတက်ခိုင်မြဲသည့် ဆက်ဆံရေးရှိပါကြောင်း၊ အဆွေတော်တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ရုံသာမက သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ နှစ်နိုင်ငံပြည်သူချင်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုများအရ နက်ရှိုင်းသည့်ဆက်ဆံမှုများရှိပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံဖြတ်ကျော်မှုခင်းများ၊ မူးယစ်ဆေးဝါးများ၊ လူကုန်ကူးမှုများနှင့် အွန်လိုင်းလိမ်လည်မှုများပပျောက်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများတွင် ထဲထဲဝင်ဝင် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အဆွေတော်တို့နိုင်ငံကဲ့သို့ပင် လွှတ်တော်နှစ်ရပ်ဖြစ်သည့် Bicameral System ဖြစ်ပြီး ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ဟူ၍ရှိပါကြောင်း၊ မြန်မာ-ထိုင်း လွှတ်တော်နှစ်ရပ်အကြား လွှတ်တော်အချင်းချင်း၊ ကော်မတီအချင်းချင်း၊ လူငယ်နှင့်အမျိုးသမီး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်တွင် မြန်မာ-ထိုင်း လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံပါလီမန်များညီလာခံ (AIPA) နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့(IPU)တို့တွင် အဖွဲ့ဝင်နိုင်ငံများဖြစ်ပါကြောင်းနှင့် AIPA တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ထဲထဲဝင်ဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့လွှတ်တော်အနေဖြင့် ထိုင်းကုမ္ပဏီများအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများစီးပွားရေးလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများ၏တရားဝင်



အခွင့်အရေးများရရှိရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံမိသားစုဖြစ်သည့်အတွက် အချင်းချင်းနားလည်မှုများ၊ ယုံကြည်မှုများဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံသံအမတ်ကြီးက ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည်မှာ (၇၆)နှစ်ပြည့်မြောက်ပြီးဖြစ်၍ မိမိတာဝန်ထမ်းဆောင်စဉ်ကာလတွင် နှစ်(၈၀)ပြည့် အခမ်းအနားကိုပြုလုပ်ရမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ထိုင်းနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌကလည်း အဆွေတော်ထံ နှုတ်ခွန်းဆက်သကြောင်းကို အမှာစကားပါးလိုက်ပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်ချင်းပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း အခါအခွင့်သင့်သည့် အချိန်တွင် အဆွေတော်အား ထိုင်းနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ကြားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် အစိုးရနှင့်လွှတ်တော်များ ပေါ်ပေါက်လာခဲ့ပါကြောင်း၊ အဆွေတော်အနေဖြင့် ပြည်သူ့လွှတ်တော်တွင် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာ - ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားသည်ကိုသိရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ လူငယ်နှင့် အမျိုးသမီးကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ လာရောက်လုပ်ကိုင်နေသည့် အလုပ်သမားများအရေးနှင့်စပ်လျဉ်း၍ ကူညီစောင့်ရှောက်မှုပေးသွားမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အာဆီယံပါလီမန်များ ညီလာခံ (AIPA) နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) တို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်၍ ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်ကျော်သူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ ထိုင်းနိုင်ငံသံရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြဝတီ

## ရထားပြေးဆွဲမှုယာယီရပ်နားခဲ့ရသည့် ပြင်ဦးလွင်-ဂုတ်ထိပ် အစုန်/အဆန် ရထားခရီးစဉ်အား လာမည့်စနေနေ့မှစ၍ အပတ်စဉ်ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်



နေပြည်တော် ဩဂုတ် ၃၁

နောင်ချိုမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နောင်ချို-ဂုတ်ထိပ် ရထားလမ်းပိုင်း ရေကျော်နစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး ယခုအခါလမ်းပိုင်းပြုပြင်ပြီးစီးပြီဖြစ်၍ ရထားပြေးဆွဲမှုယာယီရပ်နားခဲ့ရသည့် ပြင်ဦးလွင်-ဂုတ်ထိပ် အစုန်/အဆန် ရထားခရီးစဉ်အား လာမည့်စနေနေ့မှစ၍ အပတ်စဉ် ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ RBE ရထားဖြင့် လိုက်ပါစီးနင်းပြီး ပြင်ဦးလွင်- ဂုတ်ထိပ် ရထားလမ်းပိုင်း အတွင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရထားလမ်းဘေးဝဲယာ တောချုံခုတ်ရန်၊ မြက်ပင်ပေါင်းပင်များရှင်းလင်းရန်၊ တောင်ကြားဖြတ်သန်းသည့်နေရာများတွင် သံလမ်းဘေးဝဲယာ၌ ရေများမဝပ်စေရန် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများပြုလုပ်ရန်၊ တောင်မြေပြိုပြီး သံလမ်းအား မြေကြီးများမဖုံးစေရေး ဆောင်ရွက်ထားရန်နှင့် နောင်ချိုနှင့်ဂုတ်ထိပ်ဘူတာအကြား တံတားအမှတ် ၂၃၂ အနီးတွင် တောင်ကျရေများကြောင့် သံလမ်းပေါ်ရေကျော်ခဲ့ခြင်းများမဖြစ်စေရန် ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျောက်စီရေမြောင်းဖြင့် စနစ်တကျဆောင်ရွက်ထားရှိရန်မှာကြားသည်။

ထို့ပြင် ဂုတ်ထိပ်ဘူတာသို့ရောက်ရှိပြီး ဘူတာသန့်ရှင်းသာယာရေးနှင့် ဝန်ထမ်းလိုင်းခန်းများ ကောင်းမွန်ရေးအတွက် ပြုပြင်ဆောင်ရွက်ပေးရန်၊ တံတား၏ ပြင်ဦးလွင်ဘက်အခြမ်း တံတားအဝင်ညာဘက်ခြမ်းမြေသားထပ်မံဖို့ရန်၊ သမိုင်းဝင်ဂုတ်ထိပ်တံတားပေါ်သို့ RBE ရထားဖြင့် လိုက်ပါစီးနင်းကာ တံတားကြံ့ခိုင်ရေးနှင့် သန့်ရှင်းသပ်ရပ်ရေးတို့အတွက် ဆေးသုတ်ပြုပြင်ထားရှိမှု၊ တံတားတိုင်အောက်ခြေပတ်လည်တွင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ပျက်စီးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းသွားရန်၊ တံတားကြမ်းခင်းပေါ်တွင် ရေတင်နေသဖြင့် ရေထွက်ပေါက်ပြုလုပ်ရန်၊ တံတားဇလီဖားဆွေးများ လဲလှယ်ရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ညောင်ရွှေမြို့နယ် မော်ဘီကျောင်းကုန်းကျေးရွာ လျှပ်စစ်မီး စတင်ရရှိ

ညောင်ရွှေ ဩဂုတ် ၃၁

ညောင်ရွှေမြို့နယ် ပုံ့မှူကျေးရွာအုပ်စု မော်ဘီကျောင်းကုန်းကျေးရွာ၌ ယနေ့ လျှပ်စစ်မီးစတင်ရရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၏ လျှပ်စစ်မီးဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့်အတူ ဖွင့်ပွဲကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လျှပ်စစ်မိန်းခလုတ်ကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအပြီးတွင် မော်ဘီအခြေခံပညာအထက်တန်းကျောင်း(ခွဲ) RCC နှစ်ထပ်တိုးချဲ့ဆောင် ဆောက်လုပ်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မောင်မောင်သန်း(တောင်ကြီး)



## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Tor Saralamba အား လက်ခံတွေ့ဆုံစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Tor Saralamba အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Tor Saralamba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်နှင့်အတူ သံရုံးမှတာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှင့်အတူ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များ၊ လက်နက်၊ ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ် ဖောက်ကားမှု တားဆီးထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့သည်လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ဆင္ဒမနေ့ဆက်လက်ကျင်းပ



မျက်လှည့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မျက်လှည့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ဆင္ဒမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

(၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ မျက်လှည့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဖွဲ့ ၄ ဖွဲ့က သိပ္ပံဆိုင်ရာ သဘောတရားများနှင့် လက်လှည့်ပညာများကို အသုံးပြု၍ ပရိသတ်၏အမြင်နှင့်အာရုံကို လှည့်စားကာ မဖြစ်နိုင်ဟုထင်ရသော ဖျော်ဖြေတင်ဆက်မှုများကို ပြုစားသည့် မှော်စွမ်းအားမဟုတ်ဘဲ လေ့ကျင့်မှု၊ နည်းပညာများဖြင့်ပေါင်းစပ်ကာ တစ်ဦးချင်းအနီးကပ်ပြကွက်၊ စင်တင်အလတ်စားနှင့် အကြီးစားပြကွက်များကို အားပါးတရ ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှတာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(၁၀၀)



(၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ဆင္ဒမနေ့တွင် လာရောက်ကြည့်ရှုသည့် ဧည့်ပရိသတ်များကို တွေ့ရစဉ်။

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်**
**ကြေညာချက်အမှတ် (၄ /၂၀၂၄)**
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)
**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်) အင်္ဂါနေ့၊ ၁၀၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)အောင်လင်းဒွေး**
**နာယက**

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ် ( ၃ / ၂၀၂၄ )**
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)
**တတိယအကြိမ် ပြည်သူ့လွှတ်တော်**
**တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)ခင်ရီ**
**ဥက္ကဋ္ဌ**

## တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ် ( ၂ /၂၀၂၄ )**
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
( ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )
**တတိယအကြိမ် အမျိုးသားလွှတ်တော်**
**တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်) အင်္ဂါနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)အောင်လင်းဒွေး**
**ဥက္ကဋ္ဌ**

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော်ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၃၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ်-၁ (I-1) သို့ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် (သောကြာနေ့) ထက်မစော၊ စက်တင်ဘာလ ၁၉ ရက် (စနေနေ့) ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားယူဆောင်လာကြရန်ဖြစ်ပါသည်။

မြဝတီ

## တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် အမျိုးသားလွှတ်တော်ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၃၁

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်၊ အင်္ဂါနေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ အမျိုးသားလွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ် - ၁၉ (I - 19) သို့ **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် (စနေနေ့) ထက်မစော၊ စက်တင်ဘာလ ၂၀ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ** ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားယူဆောင်လာကြရန်ဖြစ်ပါသည်။

မြဝတီ

## အမျိုးသားပြတိုက်(နေပြည်တော်) နှင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) တို့ကို ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၃၁

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားပြတိုက်(နေပြည်တော်)နှင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) တို့ကို သွားရောက်လေ့လာကြသည်။



အမျိုးသားပြတိုက် (နေပြည်တော်) သို့ရောက်ရှိစဉ် မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှု၊ မြန်မာနိုင်ငံကျောက်ခေတ်သစ်ယဉ်ကျေးမှု၊ အညာသားယဉ်ကျေးမှုထွန်းကားရာဒေသများ၊ နံရံဆေးရေးပန်းချီများ၊ မြန်မာ့တူရိယာများသမိုင်းအကျဉ်း၊ ခေတ်အဆက်ဆက်ရုပ်သေးများ၊ တိုင်းရင်းသားရိုးရာတူရိယာများ၊ ခေတ်အဆက်ဆက်သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကြည့်ရှုလေ့လာကြပြီး ပြတိုက်တာဝန်ရှိသူများက ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း၊ ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသကြသည်။

ထို့အတူ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ရောက်ရှိစဉ် ပြတိုက်တာဝန်ရှိသူများက တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သမိုင်းပြတိုက်သမိုင်းနှင့် ပြခန်းများ၊ တိုက်ခိုက်ရေးလေယာဉ်များ၊ ကင်းထောက်လေယာဉ်များ၊ သယ်ယူပို့ဆောင်ရေးလေယာဉ်များ၊ ရဟတ်ယာဉ်များ၊ တပ်မတော်ဖရီးဂိတ်စစ်ရေယာဉ်များ၊ စစ်ရေယာဉ်များပုံပြလေ့ကျင့်မောင်းနှင်ခြင်း၊ တိုက်ပွဲသမိုင်းမှတ်တမ်းများအကြောင်းကို ရှင်းလင်းပြသကြပြီး ကျောင်းသား၊ ကျောင်းသူများကသိရှိလိုသည်များကိုမေးမြန်းဆွေးနွေးကြကာ ပြခန်းများနှင့်ပြင်ပတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်သင်္ဘောများ၊ လေယာဉ်များ၊ စစ်လက်နက်ပစ္စည်းများကိုလည်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်းသိရသည်။

မြဝတီ

## ပဲခူးမြစ်ရေနှင့် ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၃၁

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂ ပေ ၅ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၇ လက်မခန့်အလိုတွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်နှင့်ဘီးလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# "စာတတ်မှ အနာဂတ်မှာထွန်းတောက်နိုင်မှာဖြစ်ပါတယ်။ မိဘ၊ ဆရာနှင့် ကျောင်းသား စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းက အကောင်းဆုံးရလဒ်ကို ဖန်တီးပေးနိုင်ပါတယ်"

//မောင်ခန့်ဇေယျာမင်း//

နေပြည်တော် ဩဂုတ် ၃၁

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားကို ဩဂုတ်လ ၃၁ ရက်တွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ကျင်းပရာ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၏စကားသံများကိုလည်း အောက်ပါအတိုင်းကြားသိခဲ့ရသည်-



မသီရိစိုး



မောင်ကောင်းခန့်ဇော်



မအိမြှူစင်အောင်



မောင်ခန့်ဇေယျာမင်း

**မသီရိစိုး**

ကျွန်မကတော့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲမှာ မြန်မာတစ်နိုင်ငံလုံး ပထမ အမှတ်ပေါင်း ၅၆၂ မှတ်နဲ့ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့တဲ့ မသီရိစိုးဖြစ်ပါတယ်။ နှစ်စကတည်းကစာကို ပုံမှန်လုပ်ဆောင်ခဲ့ပါတယ်။ အခုလိုမျိုး ထူးချွန်စွာနဲ့အောင်မြင်ခဲ့တာက တစ်နေ့စာတစ်နေ့ကိုပုံမှန်လေးလုပ်ပြီးတော့ ကြိုးစားခဲ့တာဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေရဲ့စာသင်ချိန်မှာ ရှင်းပြတဲ့အချိန်ကို ဂရုတစိုက်နားထောင်ပြီးလေ့လာမှတ်သားကြိုးစားခဲ့တာလည်း ပါဝင်ပါတယ်။ အားနည်းတဲ့ ဘာသာရပ်တွေကို စာနားမလည်တဲ့အခါမှာ ဆရာ၊ ဆရာမတွေကို မေးမြန်းခဲ့ပြီး ဆရာ၊ ဆရာမတွေရဲ့သင်ကြားပြသမှု၊ အနီးကပ်ရှင်းပြသင်ကြားပေးမှုကြောင့်လည်း ဒီလိုအောင်မြင်မှုရရှိခဲ့တာဖြစ်ပါတယ်။ Grade-12 ဖြေမယ့်မောင်လေး၊ ညီမလေးများလည်း စာကိုပုံမှန်လုပ်ဆောင်ကြဖို့နဲ့ ဖွဲမလျှော့ဘဲဆက်လက်ကြိုးစားကြဖို့တိုက်တွန်းချင်ပါတယ်။ အနာဂတ်ရည်မှန်းချက်ကတော့ဆေးတက္ကသိုလ်တက်ရောက်ဖို့ ရည်မှန်းထားပါတယ်။ အခုလိုမျိုး နိုင်ငံတော်အဆင့် အခမ်းအနားကြီးနဲ့ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် မအားလပ်သည့်ကြားမှ ချီးမြှင့်ဂုဏ်ပြုဆုပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

**မောင်ကောင်းခန့်ဇော်**

ကျွန်တော် Grade -12 ကို ခြောက်ဘာသာဂုဏ်ထူးနဲ့ စုစုပေါင်းရမှတ် ၅၄၅ မှတ်ရရှိခဲ့ပါတယ်။ ကျွန်တော်ဦးစွာပြောလိုတာက ကျောင်းသင်ခန်းစာများ စာသင်ချိန်မှာဆို သေချာအာရုံစိုက်တာပြုလုပ်ရပါမယ်။ နောက်ပြီး ဆရာ၊ ဆရာမတွေရဲ့ သွန်သင်ဆုံးမမှုနဲ့အတူ အဆုံးအမစကားများကို တစ်သဝေမတိမ်းလိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ တစ်နေ့စာတစ်နေ့ပုံမှန်လေး ကျက်မှတ်လုပ်ဆောင်ရမှာလည်းဖြစ်ပါတယ်။ မိဘတွေကလည်းအလွန်အရေးကြီးတဲ့ အခန်းကဏ္ဍမှာပါဝင်ပါတယ်။ ကျွန်တော် ဒီလိုမျိုးအောင်မြင်ဖို့အတွက် မိဘတွေက အစစအရာရာအားလုံး ဂရုစိုက်ပေးပါတယ်။ မိဘတွေက လိုလေသေးမရှိ အစားအသောက်နဲ့ကျန်းမာရေးဆိုင်ရာတွေကို စနစ်တကျဂရုစိုက်ပေးမှုများကြောင့်နဲ့ ဆရာတွေရဲ့လမ်းပြညွှန်ကြားပြသမှုတွေကြောင့်လည်း ဒီလိုအောင်မြင်မှုရရှိခဲ့တာဖြစ်ပါတယ်။ Grade -12 အတန်းကို တက်နေတဲ့ ညီငယ်၊ ညီမငယ်တွေလည်း အဓိကနံပါတ်တစ်ကျန်းမာရေးကို ဂရုစိုက်ပါ။ နံပါတ်နှစ်က စာကို ဖွဲထက်သန်စွာ တစိုက်မတ်မတ်ကြိုးစားကြပါ။ ဆရာ၊ ဆရာမတွေနဲ့ မိဘတွေရဲ့စကားကို သေချာနားထောင်လိုက်နာမယ်ဆိုရင် ထူးထူးချွန်ချွန်အောင်မြင်မှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အနာဂတ်ရည်မှန်းချက်က ဆေးတက္ကသိုလ်တက်ရောက်ဖို့ရည်ရွယ်ထားပါတယ်။ အနာဂတ်မှာပြည်သူများကို အကျိုးပြုနိုင်မယ့် ဆရာဝန်ကောင်းတစ်ဦးဖြစ်အောင် ကြိုးစားမှာဖြစ်ကြောင်းပြောချင်ပါတယ်။ ယခုလို ထူးချွန်ကျောင်းသားများကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုပေးတဲ့အတွက် နိုင်ငံတော်သမ္မတနဲ့တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျာ။

**မအိမြှူစင်အောင်**

ကျွန်မကတော့ Grade-12 ကို ခြောက်ဘာသာ ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တာဖြစ်ပါတယ်။ စုစုပေါင်းအမှတ် ၅၃၂ မှတ်နဲ့ အောင်မြင်ခဲ့ပါတယ်။ ကျွန်မ စာလုပ်တဲ့နည်းကတော့ တစ်နေ့စာတစ်နေ့ကို ပုံမှန်လုပ်တယ်။ ပြီးရင် အိပ်ချိန်နဲ့ စာကြည့်ချိန်ကတော့ ညီမျှအောင်ထားတယ်ပေါ့နော်။ ကျွန်မအနေနဲ့ကစာကို တစ်နေ့ကိုတစ်ဘာသာ အနည်းဆုံး ၂ နာရီ ကြည့်တယ်။ တစ်နေ့ကို အများဆုံး ငါးဘာသာ သို့မဟုတ် ခြောက်ဘာသာအထိကို အချိန်မှန်မှန်နဲ့ လေ့ကျင့်ကြိုးစားခဲ့ပါတယ်။ ဒီနှစ် Grade-12 ဖြေဆိုမယ့် မောင်လေးတွေ၊ ညီမလေးတွေအတွက်ဆိုရင် တစ်နေ့စာတစ်နေ့ကို ပုံမှန်လုပ်ရင် စာမေးပွဲကိုဖြေဆိုနိုင်မှာဖြစ်ပါတယ်။ ကျွန်မ Grade-12 မှာ အားနည်းတဲ့ ဘာသာက အင်္ဂလိပ်စာဘာသာရပ်ဖြစ်ပါတယ်။ အဲဒီအတွက် ဘယ်လိုလုပ်လဲဆိုရင် သင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ဖတ်တယ်။ ပြီးရင် Vocabulary အသစ်တွေကိုဆိုလည်း ချရေးတာရှိတယ်။ ကိုယ်အားနည်းတဲ့ဘာသာမှာဆိုရင် လူတွေက စာမေးပွဲဖြေရင်တောင်မှ ကြောက်လန့်ကြတယ်။ အဓိကကတော့ Textbook ကို သေချာပိုင်ပိုင်နိုင်နိုင်လုပ်မယ်ဆိုရင် အားနည်းတဲ့ဘာသာတောင်မှ ဂုဏ်ထူးရအောင်ဖြေနိုင်မှာပဲဖြစ်ပါတယ်။ ပြီးရင် သမီးအားအသာဆုံးဘာသာက သင်္ချာဘာသာဖြစ်ပါတယ်။ သင်္ချာကတော့ ဒီ Textbook ကို သေချာပိုင်နိုင်အောင်ဖြေပြီးတော့ ဒီပုစ္ဆာ Example တစ်ခုချင်းစီကို နည်းစနစ်တကျနဲ့ Step-by-step တွက်ချက်မယ်ဆိုရင်တော့ ကိုယ့်ရဲ့အားအသာဆုံး ဘာသာရပ်တစ်ခုဖြစ်လာမှာဖြစ်ပါတယ်။ သမီးကတော့ ရန်ကုန်နည်းပညာတက္ကသိုလ်မှာ EC Major နဲ့ တက်ရောက်ချင်ပါတယ်။ ဘာလို့လဲဆိုတော့သမီးက အတွက်အချက်ကိုပိုပြီးတော့လည်း သဘောကျတယ်။ ကိုယ်နဲ့လည်းပိုပြီး အဆင်ပြေမယ်ထင်လို့ပါ။ နိုင်ငံ့တာဝန်တွေနဲ့မအားတဲ့ကြားထဲကနေ ယခုလိုမျိုးဆုချီးမြှင့်ပေးတဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်ရှင့်။

**မောင်ခန့်ဇေယျာမင်း**

ကျွန်တော်က ကချင်ပြည်နယ် မိုးညှင်းမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကနေ တက္ကသိုလ်ဝင်တန်း Grade – 12 အောင်မြင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အမှတ်က စုစုပေါင်း ၅၃၁ မှတ်နဲ့ ထူးချွန်စွာအောင်မြင်ခဲ့သူဖြစ်ပါတယ်။ ကျွန်တော် Grade -12 အတန်းကို ဖြတ်ကျော်ခဲ့တာက တစ်နေ့စာတစ်နေ့စာကိုနေ့စဉ်ပုံမှန်ကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။ တစ်ခါတလေ အရမ်းပင်ပန်းရင် ဆေးသောက်၊ ခဏအိပ်နားပြီး အားပြန်ဖြည့်ကာ အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ မြန်မာစာဆိုရင် ခက်ဆစ်တွေကို အရင်ဆုံးကျက်မှတ်ခဲ့ပါတယ်။ အင်္ဂလိပ်စာဆိုရင်လည်း Essay ရအောင်ဖတ်ပြီး Text တွေကို ကြေညက်အောင် ဖတ်ရှုခဲ့ပါတယ်။ သင်္ချာကိုလည်းခဏခဏတွက်ကြည့်ခဲ့ပြီး အနည်းဆုံးတစ်ပတ်တစ်ခါတော့ မဖြစ်မနေ တွက်ချက်လေ့ကျင့်ခဲ့ပါတယ်။ ဓာတု / ရူပ / ဇီဝတို့ကို နေ့စဉ်လေ့လာကျက်မှတ်ရပြီး မေးခွန်းတို (Objective)တွေအတွက် နေ့စဉ်ဖတ်မှတ်နိုင်မှ မှတ်မိနိုင်မှာဖြစ်ပါတယ်။ ယခုနှစ်ဖြေမယ့် Grade – 12 ကျောင်းသား၊ ကျောင်းသူများအတွက် အကြံပြုချင်တာ တစ်နေ့စာတစ်နေ့ပုံမှန်လေ့လာကျက်မှတ်ဖို့နဲ့ ဖုန်းသုံးစွဲမှု လျှော့ချစေချင်ပါတယ်။ ညီငယ်၊ ညီမငယ်လေးတွေလည်း အနာဂတ်အတွက် ကောင်းမွန်တဲ့နိုင်ငံ့သားကောင်း၊ သမီးကောင်းဖြစ်အောင် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။ စာတတ်မှ အနာဂတ်မှာထွန်းတောက်နိုင်မှာဖြစ်ပါတယ်။ မိဘ၊ ဆရာနဲ့ကျောင်းသား စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းကလည်း အကောင်းဆုံးရလဒ်ကို ဖန်တီးပေးနိုင်ပါတယ်။

**လင်းကြည်လင်း၊ လဲ့ရည်လှိုင်**

## News and News Article Writing သင်တန်းဖွင့်လှစ်
## ပြန်ကြားရေးဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်

နေပြည်တော် ဩဂုတ် ၃၁

နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ ဆောင်ရွက်ချက်များကို ပြည်သူများ သိရှိစေရန်၊ သတင်းနှင့်သတင်းဆောင်းပါးများ ရေးသားရာတွင် အတွေ့အကြုံများမျှဝေပြီး သတင်းတန်ဖိုးအကဲဖြတ်နိုင်စွမ်းဖွံ့ဖြိုးစေရန်၊ ခေတ်မီဒီဂျစ်တယ် သတင်းတင်ဆက်မှုနည်းပညာများ လက်တွေ့သင်ကြားနိုင်ရန်၊ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ပြောဆိုဆွေးနွေးနိုင်ရန်၊ လူမှုအသိုက်အဝန်းအတွက် အကျိုးပြုသည့် သတင်းမီဒီယာ၏ အခန်းကဏ္ဍ တိုးမြှင့်လာစေရန်နှင့် နိုင်ငံတကာသတင်းမီဒီယာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ကိုင်နိုင်မှု မြှင့်တင်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် News and News Article Writing သင်တန်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းဝေးခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur က ယခု သင်တန်းတွင် သတင်းနှင့် သတင်းဆောင်းပါးရေးသားခြင်း၊ ပြန်လည်တုံ့ပြန်ချေပပြောဆိုမှု သတင်းဆန်းစစ်ချက်၊ မီဒီယာစောင့်ကြည့်လေ့လာမှု၊ ဒီဂျစ်တယ်ဆက်သွယ်ရေးနှင့် အကျပ်အတည်းဆိုင်ရာ ဆက်သွယ်ပြောဆိုမှုများ စသည့်ကဏ္ဍများကို ထည့်သွင်းသင်ကြားပေးမည်ဖြစ်ပြီး မီဒီယာလုပ်ငန်းများအတွက် ဆန်းသစ်သောအသိအမြင်များကို ရရှိစေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ယခုသင်တန်းမှရရှိသည့် သတင်းရေးသားရာတွင် လိုအပ်သော အသိပညာများ၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ၊ နိုင်ငံတကာစံနယ်ဇင်းကျင့်ဝတ်များကိုလေ့လာနိုင်ကြပြီး ပြည်သူများထံ တိကျမှန်ကန်သည့် သတင်းအချက်အလက်များ ရေးသားတင်ပြနိုင်မည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရလဒ်ကောင်းများ ရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု ဆတက်ထမ်းပိုး မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး India Technical and Economic Cooperation (ITEC) Programme အရ အဆိုပါ News and News Article Writing သင်တန်းကို ဩဂုတ်လ ၃၁ မှ စက်တင်ဘာလ ၁၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ ပြန်ကြားရေးဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတက်ရောက်ကြောင်းနှင့် အိန္ဒိယနိုင်ငံမှမီဒီယာကျွမ်းကျင်သူ နည်းပြနှစ်ဦးဖြင့် ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ငဖဲမြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံ ၁၄၀၂၈ ဧက စိုက်ပျိုးပြီးစီး



ငဖဲ ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံများ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရန်နှင့် ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရေးအထောက်အကူပြုနိုင်ရန် ဆီထွက်သီးနှံများ စိုက်ပျိုးရာ ယခုအချိန်ထိ ၁၄၀၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာနှင့် အခြား ဆီထွက်သီးနှံများကို တစ်မြို့နယ်လုံး၌ ၁၃၅၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံ တောင်သူများက ဇွန်လမှ စတင်စိုက်ပျိုးရာ လက်ရှိအချိန်ထိ ၁၄၀၂၈ ဧကစိုက်ပျိုးပြီးစီးပြီး လျာထားချက်ထက် ၄၉၆ ဧက ပိုမိုစိုက်ပျိုးနိုင်သည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ငဖဲမြို့နယ်အတွင်း ဆီထွက်သီးနှံ စိုက်ပျိုးစွမ်းအားတိုးတက်စေဖို့၊ ဆီစားသုံးမှုဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ရည်ရွယ်ပြီး မြေပဲ၊ နေကြာနှင့် နှမ်းကို စိုက်ပျိုးကြပါတယ်။ သတ်မှတ်လျာထားဧကပြည့်မီကျော်လွန်ဖို့နဲ့ အထွက်နှုန်းကောင်းမွန်စေဖို့အတွက် ဒေသခံတောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ၊ စိုက်နည်းစနစ်တွေကို စနစ်တကျစိုက်ပျိုးနိုင်ရေး တောင်သူအသိပညာပေးတာတွေရှိသလို သက်ဆိုင်ရာကွင်းဝန်ထမ်းတွေကလည်း ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးကပြောသည်။

ငဖဲမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် ဆီထွက်သီးနှံ (မိုး)အဖြစ် မြေပဲ ၆၆၇ ဧက၊ နေကြာ ၄၆၁ ဧက၊ နှမ်း ၁၂၈၉၉ ဧကနှင့် အခြားဆီထွက်သီးနှံ တစ်ဧက စုစုပေါင်း ၁၄၀၂၈ ဧကစိုက်ပျိုးရာ မိုးနှမ်းကို ၁၀၀၁၉ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပြီး ယခုနှစ်တွင် ဆီထွက်သီးနှံအဖြစ် မိုးနှမ်းကို ပိုမိုစိုက်ပျိုးနိုင်ကာ ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။ မယု(ငဖဲ)

# လားရှိုးမြို့၌ Lashio Community Music Show ဖျော်ဖြေပွဲကျင်းပ

လားရှိုး ဩဂုတ် ၃၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လူထုအခြေပြုဗဟိုဌာနဘက်စုံသုံးခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်များ စိတ်အပန်းပြေပျော်ရွှင်စေရန်၊ ဂီတဝါသနာတူလူငယ်များ ဂီတတီးခတ်မှု၊ အဆိုရှင်များ သီဆိုဖျော်ဖြေမှုအား လေ့လာသိရှိစေရန်၊ လူငယ်အချင်းချင်း ရင်းနှီးကျွမ်းဝင်မှုပိုမိုရရှိကာ အများအကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် Community Centre အား အသုံးပြုတတ်စေရန်ရည်ရွယ်၍ Lashio Community Music Show, Modern Music Week ပွဲကို ဩဂုတ်လ ၃၀ ရက်တွင် ကျင်းပသည်။

အဆိုပါပွဲတွင် လားရှိုးမြို့ရှိ လူငယ်အဆိုတော်များ နှင့်အတူ ဒေသခံလူငယ် အဆိုရှင်များက ခေတ်ပေါ်တေးသီချင်းများဖြင့် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ သီဆိုဖျော်ဖြေရာ ဒေသခံ လူငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။



လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ခေတ်ဟောင်းတေးဂီတဖျော်ဖြေပွဲ၊ ရှမ်းတိုင်းရင်းသားရိုးရာ ခေတ်ဟောင်းတေးဂီတ ဖျော်ဖြေပွဲများကို ထပ်မံကျင်းပသွားမည်ဖြစ်ပြီး Lashio Community Music Show ပွဲများကိုလည်း အခါအားလျော်စွာ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

# ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေး

မုံရွာ ဩဂုတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မုံရွာခရိုင်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ်လ ၃၀ ရက် နံနက်ပိုင်းတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာခင်က မိမိတို့ခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းလုပ်ငန်းများကိုလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သက်ဆိုင်ရာမြို့နယ် ဦးစီးမှူးများ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို ဆက်လက်ဆွေးနွေး တင်ပြခဲ့ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီဂီဝင်းရွှေ၊ မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွှန့်ညွှန့်ဌေး၊ ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းလွင်နှင့် မြို့နယ်လေးမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)

## ဂုဏ်ပြုပါသည် ကကပြည်

- ပြည်သူတွေ ပျော်ရွှင်ရေး
ဖျော်ဖြေပေး စစ်သည်တွေ။
အနုပညာ အကအလှ
ဆိုတီးပြနေ။
မြင်ရသူတို့ ကြည်နူးပေ
စိတ်အပန်းဖြေ အေးချမ်းမှု။
ပြည်ထောင်စု တို့မြန်မာ
ခိုင်မာစွာ တည်ရှိရေး
တွေးရှုလို့ပြု။
- မြန်မာ့ရိုးရာ ယဉ်ကျေးမှု
ထိန်းသိမ်းပြု မျှဝေကာ။
တပ်မတော်နှင့် ပြည်သူများ
တစ်သားတည်းပါ။
ရေကိုသား အကြားမထင်ပမာ
ခိုင်မာစွာ လက်တွဲလို့။
ဘိုးဘွားတွေ အမွေအနှစ်
ချစ်မြတ်နိုးစို့။
- အဆိုအကအရေးအတီး
အံ့ချီးဖွယ့် ပညာသည်။
အငြိမ့် ပြဇာတ် မျက်လှည့်
ထူးတဲ့ဂုဏ်ရည်။
စွမ်းရည်မြှင့် ပြိုင်ခဲ့ပြီ
"ကကပြည်" အလှတိုးဖို့။
တပ်နှင့်ပြည်သူ ပျော်ရွှင်ရေး
တွေး ရှက်ဆောင်လို့။
- (၁၉) ကြိမ်တိုင် ထွန်းတောက်လို့
ရောက်ရှိတဲ့ ပြိုင်ပွဲမဟာ။
သူ့ထက်ငါ စွမ်းရည်ကောင်း
အောင်မြင်ကြောင်းပါ။
တတ်ထားတဲ့ သည်ပညာ
ကြိုးစားကာ ဖော်ထုတ်ပေး။
"ကကပြည်" တပ်ဖွဲ့များရဲ့
ဖွဲ့အားမာန် စွမ်းဆောင်မှုကို
ဂုဏ်ပြုတယ်လေး။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

## MWD Variety Channel

၁-၉-၂၀၂၆ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | စကားလက်ဆုံ |
| ၂။ | ၁၂:၂၀ | ဥပဒေမှတ်စု |
| ၃။ | ၁၄:၅၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၄။ | ၁၇:၅၅ | သိမှတ်ဖွယ်ရာသုတကမ္ဘာ |

# မြန်မာနိုင်ငံတွင် ပထမဆုံး ငလျင်ဒဏ်လျှော့ချသည့်နည်းပညာ(Base Isolation System)အသုံးပြု၍ Base Isolator ဆောက်လုပ်ရေးပစ္စည်းများ တပ်ဆင်ထည့်သွင်းတည်ဆောက်မည်



**မန္တလေး ဩဂုတ် ၃၁**

မြန်မာနိုင်ငံတွင် အင်အားပြင်းငလျင်ကြီး လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး အဆောက်အအုံများပျက်စီးမှုကို လျှော့ချနိုင်ရေး အတွက် ပြည်တွင်းမှပညာရှင်များက တရုတ်နိုင်ငံတွင် ၂၀၀၈ ခုနှစ်က စီချွမ်ငလျင် လှုပ်ခတ်ခဲ့သည့် နေရာများ၊ Safetyinside Company ၏ Base Isolator ထုတ်လုပ်သည့် စက်ရုံနေရာများသို့သွားရောက်လေ့လာပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကာ အဆောက်အအုံနှင့်မြေပြင်ကြားတွင် Base Isolator များကို တပ်ဆင်ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံပေါ်ကို သက်ရောက်လာနိုင်သည့်ငလျင်အင်အားနှင့်လှုပ်ရှားမှုများကို လျှော့ချပေးသည့်ခေတ်မီနည်းပညာတစ်ရပ်ဖြစ်ကြောင်း၊ ယခုတည်ဆောက်မည့် ၇၇ ပေ x ၈၃ ပေ မြေဧရိယာ၌ တစ်ထပ်လျှင် ၁၁ ပေ အမြင့်ရှိ Basement အပါ ငါးထပ် သံကူကွန်ကရစ် အဆောက်အအုံတွင် ငလျင်ဒဏ်လျှော့ချသည့်နည်းပညာ (Base Isolation System) ကိုအသုံးပြု၍ Base Isolator ဆောက်လုပ်ရေးပစ္စည်းများကို တပ်ဆင်ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ငလျင်ဒဏ်လျှော့ချသည့်နည်းပညာ (Base Isolation System) အသုံးပြု၍ အဆောက်အအုံအောက်ခြေတွင် Base Isolator များ တပ်ဆင်ထည့်သွင်းတည်ဆောက်သွားမည့် အဆောက်အအုံပန္နက်တင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးစီမံကိန်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ New Starlight Construction Co.,Ltd. မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ ငလျင်ကော်မတီ၊ အာရှနှင့်ပစိဖိတ်ဒေသ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မြို့ပြအင်ဂျင်နီယာများအသင်းတို့မှ တာဝန်ရှိသူများ၊ New Starlight Construction Co.,Ltd. မှ အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး New Starlight Construction Co.,Ltd. ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက တည်ဆောက်မည့် အဆောက်အအုံ၌ အဆောက်အအုံနှင့် မြေပြင်ကြားတွင် တပ်ဆင်ထည့်သွင်းသွားမည့် Base Isolator များကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်တင်၍ တွင်းတော်ဝန်းပြီး အမွှေးနံ့သာများပက်ဖျန်းပေးကြကာ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

မြဝတီ





တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့်တာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ ထမ်းဆောင်ခဲ့ကြသည့် ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲဝမ်းသာစွာဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို အသက်ကိုပင်ပဓာနမထားဘဲ ကိုယ်ကျိုးစွန့်အနစ်နာခံကာ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ နေ့လယ်စာအတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ရဟန်းသံဃာတော်များ၊ အနုပညာရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဒေသခံပြည်သူများက လှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုကြိုဆိုကြသည်။

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးနှင့်လုံခြုံရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၃၁

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ခိုင်မာစေရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

## ရုရှား - မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၃၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ရုရှား-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Bulochnikov Anatoly Mikhailovich အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေး ဆောင်ရွက်သွားနိုင်မည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် မြန်မာ-ရုရှားစီးပွားရေးဖွံ့ဖြိုးမှုအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြဝတီ

## ရုရှား - မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှား - မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Bulochnikov Anatoly Mikhailovich အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့်ငွေပေးချေမှု၊ အခွန်နှင့် ICT ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚C | / | ၃၁˚C |
| ရန်ကုန် | ၂၄˚C | / | ၃၁˚C |
| မန္တလေး | ၂၇˚C | / | ၃၅˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကိုချွေတာကြပါစို့

## ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၆ ခုနှစ် ဩဂုတ်လကုန်အထိ ကွန်ပေါင်းနှင့် အခြားမြေသြဇာ တန် ၄၃၂၁၅၀ ကို ထောက်ခံချက်ပေးခဲ့



နေပြည်တော် ဩဂုတ် ၃၁

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၆ ခုနှစ် ဩဂုတ်လကုန်အထိ ကွန်ပေါင်းနှင့် အခြားမြေသြဇာ တန် ၄၃၂၁၅၀ ကို ထောက်ခံချက်ပေးခဲ့ကြောင်း အဆိုပါ ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးစေရေးအတွက် ဓာတ်မြေသြဇာများသုံးစွဲနိုင်ရေးနှင့် အချိန်မီဖြန့်ဖြူးပေးနိုင်ရေး ရည်ရွယ်၍ ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက မိုးစပါးနှင့်မိုးသီးနှံများအတွက် သီးနှံပေါ်ပေးစနစ်၊ လက်ငင်းငွေချေစနစ်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ REZ စီမံကိန်းများ၏ လိုအပ်တန်ချိန်ပမာဏအတွက် လက်ကျန်လုံလောက်မှုရှိပြီး မပြတ်လပ်အောင် စီမံထားရန် လိုအပ်ကြောင်း၊ ဦးဆောင်ကော်မတီအနေဖြင့် နိုင်ငံတကာဈေးနှုန်းများကြီးမြင့်နေချိန်တွင်တောင်သူများ အဆင်ပြေစေရန် စုပေါင်းဝယ်ယူ စုပေါင်းဖြန့်ဖြူးနိုင်ရေးအတွက်သမဝါယမစနစ် Consortium ပုံစံဖြင့် အမြတ်မယူဘဲ ဆောင်ရွက်လျက်ရှိကြောင်း၊ ရည်ညွှန်းဈေးနှုန်းကို လစဉ်ပုံမှန်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ဓာတ်မြေသြဇာများအရည်အသွေးနှင့် အလေးချိန်မှန်ကန်စေရေး၊ သတ်မှတ်ရောင်းဈေးနှုန်းထက်ပိုမိုရောင်းချမှုမရှိစေရေး၊ သိုလှောင်ပြီးဈေးကစားခြင်းများမရှိစေရေး၊ မြို့နယ်အလိုက် အရောင်းဆိုင်များကို စစ်ဆေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့ပြင်တာဝန်ရှိသူများ၏ဓာတ်မြေသြဇာဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

### ၃၁-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိစံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀)ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၃၁

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Bulochnikov Anatoly Mikhailovich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် ရုံးအမှတ်(၁)၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ ချုပ်ဆိုထားရှိမှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးအတွက် ဦးစားပေးမြှင့်တင်မည့်ကဏ္ဍများနှင့် နယ်ပယ်များ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပြုနိုင်မှုများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားရှိမှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ လွယ်ကူချောမွေ့စေရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ရုရှား-မြန်မာချစ်ကြည်ရေးအသင်းမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။ မြဝတီ

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ခမ္မနဲ့အခမ္မကြားမှာ ကြားနေမရှိဆိုပြီး ဒလန်ခေါင်းစဉ်နဲ့ လူမဆန်စွာသတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက် NUG၊ PDF"** ခေါင်းစဉ်ဖြင့် ၂-၉-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၉-၉-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် **"ဘာသာတရားနဲ့ ရဟန်းသံဃာတော်တွေကို ခုတုံးလုပ်သွေးခဲ့သတ်ဖြတ်နေကြတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်၊ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင် နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမအထူးအယူခံမှု(၅)မှုတို့ကို စီရင်ချက်ချ၊ တရားမအထူးအယူခံမှု (၄)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၃၁

ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာငွေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဦးဝင်းမြင့်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင် တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍တရားမအထူးအယူခံမှုအမှတ်၁၀/၂၀၂၄(မန္တလေး)၊၁၂/၂၀၂၄(ရန်ကုန်)၊ ၁၃/၂၀၂၄(မန္တလေး)၊ ၂၀/၂၀၂၄(ဧရာဝတီ)နှင့်၂၄/၂၀၂၄(မွန်)စုစုပေါင်း တရားမအထူးအယူခံမှု(၅)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၂၃/၂၀၂၄ (မန္တလေး)၊ ၂၅/၂၀၂၄ (မွန်)၊ ၂၆/၂၀၂၄ (ရှမ်း)နှင့် ၃၀/၂၀၂၄ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု (၄)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ မြဝတီ

# ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲနှင့် ဆက်စပ်အစီအစဉ်များသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်



နေပြည်တော် ဩဂုတ် ၃၁

ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဟိုချီမင်းမြို့ ပြည်သူ့ရေးရာကော်မတီတို့၏ ဦးဆောင်မှုဖြင့် အကြိမ်(၂၀)မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲနှင့် ဆက်စပ်အစည်းအဝေးများကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဩဂုတ်လ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း အကြိမ် (၂၀)မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲ အထိမ်းအမှတ် ကြိုဆိုညစာစားပွဲနှင့် Vietnam Night ကို "The Beat of ITE HCMC" ခေါင်းစဉ်ဖြင့်ဩဂုတ်လ ၂၆ ရက်တွင် GEM Center ၌ ကျင်းပရာ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ၊ ယဉ်ကျေးမှုအားကစားနှင့်ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဟိုချီမင်းမြို့တော်ပါတီကော်မတီ၊ ဟိုချီမင်းပြည်သူ့ကော်မတီ၊ ဟိုချီမင်းမြို့တော်နှင့် ပြည်နယ်ကော်မတီများမှ တာဝန်ရှိသူများ၊ CLMV နှင့် ACMECS နိုင်ငံများ၏ ခရီးသွားလာရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) မှ တာဝန်ရှိသူများ၊ နိုင်ငံတကာ မြို့များမှ မြို့တော်ဝန်နှင့် အုပ်ချုပ်သူများ၊ ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၊ ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့ရှိ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများ၊ ပြပွဲသို့တက်ရောက်လာသည့် နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် Buyen Seller များ၊ Media များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ အကြိမ်(၂၀)မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲ ဖွင့်ပွဲကိုဩဂုတ်လ ၂၇ ရက်တွင် SECC – Exhibition Hall ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ခရီးသွားပြပွဲအတွင်း မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်းနှင့်အခြားနိုင်ငံများမှ နိုင်ငံအလိုက် ဖွင့်လှစ်ထားသည့် ခရီးသွားပြခန်းများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများမှ ဖွင့်လှစ်ထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ MICE အဆင့်မြင့်ခရီးသွားလုပ်ငန်းဖိုရမ်ကိုဩဂုတ်လ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြပြီး အဆိုပါဖိုရမ်တွင် ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ဟိုချီမင်းပြည်သူ့ ကော်မတီ၏ ဒုတိယအမြဲတမ်းဥက္ကဋ္ဌ၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားဝန်ကြီးဌာနဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကာ MICE ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို Keynote Speaker များက ဆွေးနွေးတင်ပြခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၇) ကြိမ်မြောက် ACMECS ခရီးသွားဝန်ကြီးများအစည်းအဝေးကို REX Hotel ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းနောက် (၈) ကြိမ်မြောက်ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ခရီးသွားဝန်ကြီးများအဆင့် အစည်းအဝေးနှင့် သတင်းစာရှင်းလင်းပွဲအစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအကြိမ် (၂၀) မြောက်ဟိုချီမင်းအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲတွင် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၄၀နိုင်ငံမှ ခရီးစဉ်ဝယ်ယူသူများ၊ ရောင်းချသူများနှင့် ပြခန်းပါဝင်ပြသသူများ တက်ရောက်ခဲ့ပြီး (၇) ကြိမ်မြောက် ACMECS ခရီးသွားဝန်ကြီးများ အစည်းအဝေးနှင့် (၈) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ခရီးသွားဝန်ကြီးများအစည်းအဝေးသို့ သက်ဆိုင်ရာနိုင်ငံများမှ ခရီးသွားဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ မြဝတီ

## (၃၁-၈-၂၀၂၄) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၇ ~ ၃၆၆၈ | ၅၁၇.၈ ~ ၅၁၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၉၀၆,၉၃၉.၈၉ | ၄,၄၀၄,၀၀၈.၁၀ | ၆၁,၉၉၇,၂၅၂.၇၁ | - |

# ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမှသည် တန်ဖိုးမြှင့်ထုတ်ကုန်ဆီသို့

အေးအေးမြင့်(စိုက်ပျိုးရေး)

မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍတွင် ရော်ဘာသည် နှစ်ရှည်စိုက်ပျိုးရသည့် စက်မှုကုန်ကြမ်းသီးနှံ တစ်မျိုးဖြစ်ပြီး တောင်သူများဝင်ငွေရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပြည်တွင်းစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် နိုင်ငံခြားငွေ



မိုးကာအုပ်အစေးခြစ်ခြင်း

ရှာဖွေရေးတို့အတွက် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ရော်ဘာကို တာယာမျိုးစုံအပြင် ဆိုင်ကယ်ကျွတ်များ၊ Conveyor Belt၊ လက်အိတ်၊ သားရေကွင်း၊ မွေ့ရာ၊ ပူဖောင်း၊ ရော်ဘာအခင်းနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများအပါအဝင် ထုတ်ကုန်အမျိုးမျိုးထုတ်လုပ်ရာတွင် အသုံးပြုကြသည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အခြားစက်မှုကဏ္ဍများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ရော်ဘာ၏အရေးပါမှုသည်လည်း ဆက်လက်မြင့်တက်လာလျက်ရှိသည်။

**ကမ္ဘာ့ရော်ဘာကဏ္ဍ၏ထုတ်လုပ်၊ သုံးစွဲမှုအခြေအနေ**


ကမ္ဘာ့သဘာဝရော်ဘာထုတ်လုပ်မှုကို ကြည့်မည်ဆိုပါက ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ နယူးဂီနီရာ၊ အိုင်ဗရီကို့စ်၊ ဘရာဇီး၊ လာအို၊ ဂွာတီမာလာ စသည့်နိုင်ငံများတွင် ထုတ်လုပ်လျက်ရှိပြီး သဘာဝရော်ဘာထုတ်လုပ်သောနိုင်ငံများအသင်း (ANRPC)၏ ၂၀၂၆ ခုနှစ် ဇွန်လစာရင်းအရ ထိုင်းနိုင်ငံသည် အများဆုံးထုတ်လုပ်သောနိုင်ငံဖြစ်သည်။ အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့လည်း အရေးပါသော ထုတ်လုပ်သူများဖြစ်သည်။

ကမ္ဘာ့ရော်ဘာဈေးကွက်၏ထုတ်လုပ်မှုနှင့်သုံးစွဲမှုအခြေအနေသည် ရာသီဥတု၊ မော်တော်ယာဉ်လုပ်ငန်း၊ ကမ္ဘာ့စီးပွားရေးအခြေအနေများနှင့် အလွန်နီးကပ်စွာ ဆက်စပ်နေသည်။ ANRPC ၏ ၂၀၂၆ ခုနှစ် ဇွန်လအချက်အလက်အရ ကမ္ဘာ့သဘာဝရော်ဘာထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၁၄ ဒသမ ၉၇၁ သန်းမှ ၂၀၂၆ ခုနှစ်တွင် တန်ချိန် ၁၅ ဒသမ ၃၁ သန်းခန့်သို့ ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားသည်။ တစ်ချိန်တည်းတွင် ကမ္ဘာ့သဘာဝရော်ဘာသုံးစွဲမှုမှာ ၂၀၂၆ ခုနှစ်တွင် တန်ချိန် ၁၅ ဒသမ ၄၁၁ သန်းခန့်အထိရှိလာမည်ဟု ခန့်မှန်းထားသည်။ ထိုအချက်များအရ ၂၀၂၆ ခုနှစ်တွင် ထုတ်လုပ်မှုထက်သုံးစွဲမှုက အနည်းငယ်ပိုမိုနေသော အခြေအနေရှိနေပြီး ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် အရည်အသွေးမြှင့်တင်ရေးတို့သည် အရေးကြီးလာပေသည်။

**ကမ္ဘာ့ဝယ်လိုအား၏ နောက်ကွယ်မှ တာယာလုပ်ငန်း**

သဘာဝရော်ဘာထုတ်လုပ်မှုသည် ရာသီဥတုနှင့် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကြောင့် အကန့်အသတ်ရှိနေချိန်တွင် တရုတ်နှင့် အိန္ဒိယကဲ့သို့သော အဓိကသုံးစွဲသူနိုင်ငံများ၏ဝယ်လိုအားမှာ ဆက်လက်တိုးတက်နေသည်။ သို့သော် အချို့နိုင်ငံများတွင် ရော်ဘာပင်များ အိုမင်းလာခြင်း၊ ပြန်လည်စိုက်ပျိုးမှုနှုန်းနည်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ထုတ်လုပ်မှုအပေါ် ကန့်သတ်ချက်များဖြစ်ပေါ်နေသည်။

မော်တော်ယာဉ်နှင့် တာယာလုပ်ငန်းများ၏ဝယ်လိုအားသည် ကမ္ဘာ့ရော်ဘာသုံးစွဲမှု၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်ပြီး လျှပ်စစ်ယာဉ်(EV)ကဏ္ဍတိုးတက်လာခြင်းနှင့်အတူ တာယာနှင့်အထူးပြုရော်ဘာပစ္စည်းများအတွက်လည်း ဝယ်လိုအား




အစေးခဲခြင်း

ကို ဆက်လက်တိုးတက်စေနိုင်မည်ဟု ခန့်မှန်းထားကြသည်။ ထို့ကြောင့် ကားထုတ်လုပ်မှု၊ တာယာအစားထိုးဝယ်လိုအား၊ ကုန်တင်ယာဉ်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများ၏တိုးတက်မှုသည် ရော်ဘာဈေးကွက်အပေါ် တိုက်ရိုက်သက်ရောက်စေသည်။ အထူးသဖြင့် EV များတိုးတက်လာခြင်းသည် တာယာနည်းပညာနှင့် ရော်ဘာဒြပ်ပေါင်းများ၏ လိုအပ်ချက်များကို ပြောင်းလဲလာစေသည်။ ထို့ကြောင့် အနာဂတ်ရော်ဘာဈေးကွက်တွင် ကုန်ကြမ်းပမာဏသာမက အရည်အသွေးနှင့် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များပါ ပိုမိုအရေးကြီးလာမည်ဖြစ်သည်။

**မြန်မာ့ရော်ဘာကဏ္ဍ၏ လက်ရှိအခြေအနေ**

မြန်မာနိုင်ငံ၏စိုက်ပျိုးမြေနှင့်ရာသီဥတုအခြေအနေအရ မကွေးတိုင်းဒေသကြီးကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှအပ မြန်မာနိုင်ငံ ဒေသအားလုံးနီးပါးတွင် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသည်။ နိုင်ငံတော်မှ ၁၉၅၆ ခုနှစ်တွင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်ပိုရေးရှင်းအောက်တွင် ရော်ဘာစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၁၉၇၉-၁၉၈၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ရော်ဘာပြန်လည်ထူထောင်ရေးစီမံကိန်းအဆင့်(၁)နှင့် စီမံကိန်းအဆင့်(၂)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ၁၉၈၄-၁၉၈၅ ခုနှစ်တွင် UNDP ၏အထောက်အပံ့ဖြင့် နှစ်ရှည်ပင်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ၁၉၈၈ ခုနှစ်တွင် ဈေးကွက်စီးပွားရေးစနစ်သို့ပြောင်းလဲခဲ့ခြင်း၊ ၁၉၉၁-၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် FAO တို့၏အကူအညီဖြင့် နည်းပညာဖွံ့ဖြိုးမှုစီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ပုဂ္ဂလိကကဏ္ဍမှ ရော်ဘာစိုက်ပျိုးရေးတွင် စိတ်ဝင်စားမှုပိုမိုများပြားလာခဲ့ပြီး မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများ သိသိသာသာတိုးတက်လာခဲ့သည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရော်ဘာစိုက်ဧရိယာဧက စုစုပေါင်း ၁ ဒသမ ၆၄၁ သန်းထိရှိလာပြီး အစေးခြစ်ဧရိယာ စုစုပေါင်းဧက ၁ ဒသမ ၀၆၅ သန်းမှ ရော်ဘာတန်ချိန် သုံးသိန်းငါးသောင်းကျော် ၃၅၂၈၈၈ တန်ထုတ်လုပ်နိုင်ခဲ့သည်။



အစေးပြားကြိတ်ခြင်း

**မြန်မာ့ရော်ဘာကဏ္ဍသုံးစွဲမှုနှင့် ပြည်ပတင်ပို့မှုအခြေအနေ**

မှိုင်းခံရော်ဘာနှင့် အဆင့်မြင့်ရော်ဘာများထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်သာ ပြည်တွင်းစက်မှုလုပ်ငန်းများတွင်သုံးစွဲပြီး ကျန် ၉၀ ရာခိုင်နှုန်းကျော်အား ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးတို့ဖြင့် တရုတ်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ စသည့်နိုင်ငံများသို့ နှစ်စဉ် တင်ပို့ရောင်းချလျက်ရှိသည်။ ကုန်သွယ်ရေးဦးစီးဌာနမှ စာရင်းအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာ ၈၉၆ ဒသမ ၃၃၃၆၇ တန်တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၁၉ ဒသမ ၈၃၉ သန်းရရှိခဲ့သည်။

**မြန်မာ့ရော်ဘာအထွက်နှုန်းမြင့်မားရေး**

ထို့ကြောင့် မြန်မာ့ရော်ဘာကဏ္ဍတွင် ထုတ်လုပ်မှုပမာဏတိုးတက်ရေး၊ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် အထွက်နှုန်းမြင့်မားရေး အလေးထားဆောင်ရွက်ရန် လိုအပ်သည်။

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးတွင် စိုက်ဧကတိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်းတိုးတက်ရေးကို အဓိကထားသင့်သည်။ သက်တမ်းလွန်ရော်ဘာပင်အိုများ၊ အထွက်နှုန်းကျဆင်းနေသည့် မျိုးမမှန်သော၊ ပင်သေပင်ပျက်များသော ရော်ဘာစိုက်ခင်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ရော်ဘာပင်အိုခုတ်လှဲခွင့်ပြုရာတွင် ဆောင်ရွက်ရမည့် စံပြုလုပ်ငန်းစဉ်(SOP) နှင့်အညီ ခုတ်လှဲပြီး အထွက်ကောင်းမျိုးများဖြင့် အစားထိုးစိုက်ပျိုးခြင်းကို မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည်။ စိုက်ပျိုးရာတွင် ရော်ဘာအထွက်နှုန်းတိုးတက်ရေးအတွက် အောက်ပါအချက်များကို စာမျက်နှာ ၁၄ သို့ ➤

- ❍ မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍတွင် ရော်ဘာသည် နှစ်ရှည်စိုက်ပျိုးရသည့် စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်ပြီး တောင်သူများဝင်ငွေရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပြည်တွင်းစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် နိုင်ငံခြားငွေရှာဖွေရေးတို့အတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိ . . .
- ❍ မြန်မာ့ရော်ဘာကဏ္ဍတွင် ထုတ်လုပ်မှုပမာဏတိုးတက်ရေး၊ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် အထွက်နှုန်းမြင့်မားရေး အလေးထားဆောင်ရွက်ရန်လိုအပ် . . .

➤ စာမျက်နှာ ၁၃ မှအဆက်

အဓိကထားလိုက်နာဆောင်ရွက်ရန်လည်း လိုအပ်သည်-

(က) ဌာနမှ ထောက်ခံထားသော အထွက်ကောင်းရော်ဘာမျိုးများဖြစ်ပြီး အနည်းဆုံး ရွက်ဖုံ့နှစ်ဖုံ့မှ သုံးဖုံ့ရင့်သည့် အဖူးကူးပျိုးပင်များအား အသုံးပြုစိုက်ပျိုးခြင်း။

(ခ) အပင်များအား စနစ်တကျပြုစုထိန်းသိမ်းခြင်းနှင့် မြေဆီလွှာထိန်းသိမ်းခြင်း။


မှိုင်းရုံတွင် အခြောက်ခံခြင်း

(ဂ) ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများအား မှန်ကန်စွာထည့်သွင်းခြင်း။

(ဃ) တစ်ဧကဝင်ဆံ့အပင် ပြည့်မီအောင်ဆောင်ရွက်ခြင်း၊ ပင်သေများရှိပါက စိုက်ပျိုးနှစ်အတွင်း အချိန်မီ ပြန်လည်အစားထိုးစိုက်ပျိုးခြင်း။

(င) သတ်မှတ်အပင်လုံးပတ်ပြည့်မီမှ အစေးစတင်ခြစ်ခြင်း။

(စ) ထောက်ခံထားသော ရော်ဘာအစေးခြစ်စနစ်ဖြင့် အစေးခြစ်ခြင်း။

(ဆ) ကျွမ်းကျင်အစေးခြစ်လုပ်သားများအသုံးပြုအစေးခြစ်ခြင်း။

(ဇ) အစေးခြစ်ရက်များများရအောင်ဆောင်ရွက်ခြင်း၊ မိုးရွာရက်များတွင် မိုးကာအုပ်အစေးခြစ်နည်းလမ်းဖြင့် အစေးခြစ်ခြင်း။

(ဈ) အပင်သက် ၁၅ နှစ်အထက်ရှိ အပင်ကြီးများတွင် အစေးထွက်လှုံ့ဆော်ဆေး အီသရာယ်အား စနစ်တကျအသုံးပြုခြင်း။

(ည) အစေးခြစ်ချိန်အား နံနက်စောစော ၂ နာရီမှ ၃ နာရီအတွင်း စတင်ဆောင်ရွက်ခြင်း။

(ဋ) အစေးရည်အလေအလွင့်မရှိစေရေး စနစ်တကျအစေးရည်စုသိမ်းခြင်း။

**အရည်အသွေးသည် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း၏အခြေခံဖြစ်**

ကမ္ဘာ့ဈေးကွက်တွင် ရော်ဘာအတွက် ဝယ်လိုအားရှိနေသော်လည်း အရည်အသွေးမီထုတ်ကုန် မဟုတ်ပါက ဈေးကောင်းရရှိရန်ခက်ခဲမည်ဖြစ်သည်။ သို့ဖြစ်၍ ရော်ဘာအစေးရည်စုသိမ်းရာတွင်အသုံးပြုသော ပုံး၊ ခွက်သန့်ရှင်းမှုရှိရန်၊ အစေးခဲကန်တွင် အသုံးပြုသော ရေသန့်ရှင်းမှုရှိရန်၊ အစေးရည်ကို သတ်မှတ်ဆန်ခါဖြင့်စစ်ပြီး ဖောမစ်အက်စစ်ကိုအသုံးပြု၍ အစေးခဲရန်လိုအပ်သည်။ အစေးခဲခြင်း၊ ရေဆေးခြင်း၊ ရော်ဘာပြားကြိတ်ခြင်း၊ ရေစစ်ခြင်း၊ မှိုင်းရုံတွင် နေ့အလိုက် အပူပေးအခြောက်ခံခြင်း၊ ကျွမ်းကျင်သူဖြင့် ရော်ဘာအတန်းအစားခွဲခြားခြင်း၊ ချိန်တွယ်ခြင်း၊ ဖိစက်ဖြင့်ဖိခြင်း၊ ထုပ်ပိုးခြင်းနှင့်သိုလှောင်ခြင်းစသည့်အဆင့်တိုင်းတွင် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်လိုအပ်သည်။ ထို့ပြင် ပြည်ပတင်ပို့မည့် ရော်ဘာများ အရည်အသွေးစံချိန်စံညွှန်းများနှင့်ကိုက်ညီမှု ရှိ၊ မရှိ ဓာတ်ခွဲခန်းများတွင်စစ်ဆေးပြီး နိုင်ငံတကာဈေးကွက်၏ အရည်အသွေးလိုအပ်ချက်များနှင့်ကိုက်ညီစေရေးဆောင်ရွက်ခြင်းဖြင့် ထုတ်ကုန်အဆင့်အတန်းတိုးမြှင့်ရေးဆောင်ရွက်သင့်သည်။

စိုက်ပျိုးရေးဦးစီးဌာန ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(ရန်ကုန်)ရှိ သဘာဝရော်ဘာစမ်းသပ်ဓာတ်ခွဲခန်း (Natural Rubber Testing Laboratory–NRTL)သည်မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာအသိအမှတ်ပြုအဖွဲ့မှပေးအပ်သည့် စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ISO/IEC 17025:2017 အားလည်းကောင်း၊ အိန္ဒိယနိုင်ငံအပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုရေးစင်တာ အရည်အသွေးနှင့်အသိအမှတ်ပြုဌာနမှပေးအပ်သည့် စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ISO/IEC 17025:2017 အားလည်းကောင်း ရရှိထားပြီးဖြစ်၍ ပြည်ပတင်ပို့မည့်ရော်ဘာများနှင့် ပြည်တွင်းစက်ရုံများတွင် အသုံးပြုမည့်ရော်ဘာများအား အရည်အသွေးစစ်ဆေးခြင်းဆောင်ရွက်ပေးလျက်ရှိသည်။

**တောင်သူဝင်ငွေတိုးတက်ရေးနှင့်ဈေးကွက်တည်ငြိမ်ရေး**

ရော်ဘာကဏ္ဍ တိုးတက်ရေးတွင် တောင်သူများ၏ဝင်ငွေတိုးတက်ရေးကို အခြေခံရမည်ဖြစ်သည်။ ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်လာခြင်း၊ ဈေးနှုန်းမတည်ငြိမ်ခြင်းနှင့်အရည်အသွေးအလိုက် ဈေးနှုန်းကွာခြားခြင်းတို့သည်


အရည်အသွေးစစ်ဆေးခြင်း

တောင်သူများ၏ စီးပွားရေးအပေါ် သက်ရောက်မှုရှိသည်။ ထို့ကြောင့်ဈေးကွက်သတင်းအချက်အလက်များ အချိန်မီရရှိရေး၊ တောင်သူအဖွဲ့အစည်းများခိုင်မာရေး၊ စုပေါင်းရောင်းချနိုင်ရေးနှင့် ရော်ဘာအတန်းအစားအလိုက် ဈေးနှုန်းသတ်မှတ်ချက်ရှိပြီး အရည်အသွေးကောင်းသည့် ရော်ဘာအတွက် ဈေးကောင်းရရှိရေးတို့ကို ဆောင်ရွက်သင့်သည်။

**ကုန်ကြမ်းတင်ပို့မှုမှ တန်ဖိုးမြှင့်ထုတ်ကုန်ဆီသို့**


မြန်မာ့ရော်ဘာကဏ္ဍ၏ ရေရှည်အလားအလာအတွက် အရေးကြီးဆုံးအချက်တစ်ခုမှာ ကုန်ကြမ်းအဖြစ်သာ တင်ပို့နေခြင်းမှတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်သည့် အဆင့်သို့ တက်လှမ်းရန်ဖြစ်သည်။ တာယာ၊ ရော်ဘာပိုက်၊ ရော်ဘာအခင်း၊ လက်အိတ်၊ ဖိနပ်နှင့် စက်မှုသုံးရော်ဘာပစ္စည်းများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်နိုင်ပါက ကုန်ကြမ်းတစ်တန်၏တန်ဖိုးကို မြှင့်တင်နိုင်မည်ဖြစ်သကဲ့သို့ စက်မှုလုပ်ငန်းများနှင့်အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာနိုင်မည်ဖြစ်သည်။ သွင်းကုန်အစားထိုးနိုင်၍ နိုင်ငံခြားငွေသုံးစွဲရမှုသက်သာစေမည့်အပြင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ပါက နိုင်ငံခြားငွေပိုမိုရှာဖွေပေးနိုင်မည်ဖြစ်သည်။

**ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ရော်ဘာနေရာရရှိရေး**

ကမ္ဘာ့သဘာဝရော်ဘာကဏ္ဍသည် ဝယ်လိုအားတိုးတက်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့်ထုတ်လုပ်မှုအခက်အခဲများကြားတွင် ဆက်လက်ရွေ့လျားနေသည်။ ၂၀၂၄ ခုနှစ်တွင်လည်း ကမ္ဘာ့သဘာဝရော်ဘာသုံးစွဲမှုသည် ထုတ်လုပ်မှုထက် အနည်းငယ်ပိုမိုနေမည်ဟု ခန့်မှန်းထားခြင်းကြောင့် ရော်ဘာထုတ်လုပ်သူများအတွက် ဈေးကွက်အခွင့်အလမ်းရှိနေသည်။ သို့သော် ထိုအခွင့်အလမ်းကို အသုံးချနိုင်ရန်အတွက် အရည်အသွေး၊ တည်ငြိမ်သောထုတ်လုပ်မှု၊ ဈေးကွက်သတင်းအချက်အလက်နှင့် နိုင်ငံတကာစံချိန်စံညွှန်းများကို လိုက်နာနိုင်စွမ်းတို့လိုအပ်သည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် မြန်မာ့ရော်ဘာ၏ အဓိကဈေးကွက်ဖြစ်နေသော်လည်း အရည်အသွေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ပါက အခြားနိုင်ငံများသို့ဈေးကွက်ချဲ့ထွင်နိုင်ပြီး ဈေးကွက်ပိုမိုကျယ်ပြန့်လာနိုင်သည်။ ထို့ပြင် ကမ္ဘာ့ရော်ဘာကဏ္ဍတွင် ရေရှည်တည်တံ့သော သဘာဝရော်ဘာထုတ်လုပ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရော်ဘာထုတ်လုပ်ရာမြေ၏အရင်းအမြစ်ခြေရာခံနိုင်မှုတို့သည် ပိုမိုအရေးပါလာနေသည်။ ထို့ကြောင့် မြန်မာ့ရော်ဘာကဏ္ဍအနေဖြင့် နိုင်ငံတကာရေရှည်တည်တံ့ရေးစံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ထားရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ဧက ၁ ဒသမ ၆ သန်းကျော်ရှိပြီး ထုတ်လုပ်မှုနှင့် ပို့ကုန်အလားအလာလည်းရှိနေသဖြင့် ရော်ဘာကဏ္ဍသည် နိုင်ငံ၏စိုက်ပျိုးရေးနှင့် ပို့ကုန်ကဏ္ဍအတွက် အရေးပါသောအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေသည်။ သို့ရာတွင် အခွင့်အလမ်းကို အမှန်တကယ်အကျိုးရှိစွာ အသုံးချနိုင်ရန် စိုက်ဧကတိုးချဲ့ရေးတစ်ခုတည်းကို အားမကိုးဘဲ တစ်ဧကအထွက်နှုန်းမြှင့်တင်ရေး၊ အရည်အသွေးမြှင့်တင်ရေး၊ တောင်သူဝင်ငွေတိုးတက်ရေး၊ ဈေးကွက်ချဲ့ထွင်ရေးနှင့်


ကုန်ချောထုတ်ကုန်များ

တန်ဖိုးမြှင့်ထုတ်လုပ်ရေးတို့ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည်ဖြစ်သည်။

အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ သုတေသနဌာနများ၊ ရော်ဘာတောင်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များ အတူတကွပူးပေါင်းဆောင်ရွက်နိုင်ပါက မြန်မာ့ရော်ဘာသည် ကုန်ကြမ်းတင်ပို့သည့်ကဏ္ဍတစ်ခုအဖြစ်သာမက နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်သော အရည်အသွေးမြင့်၊ တန်ဖိုးမြင့်ပြီး ရေရှည်တည်တံ့သော ရော်ဘာလုပ်ငန်းကဏ္ဍတစ်ရပ်အဖြစ် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**❍ မြန်မာ့ရော်ဘာကဏ္ဍ၏ ရေရှည်အလားအလာအတွက် အရေးကြီးဆုံးအချက်တစ်ခုမှာ ကုန်ကြမ်းအဖြစ်သာ တင်ပို့နေခြင်းမှတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်တင်ပို့နိုင်သည့် အဆင့်သို့ တက်လှမ်းရန်ဖြစ်၊ တာယာ၊ ရော်ဘာပိုက်၊ ရော်ဘာအခင်း၊ လက်အိတ်၊ ဖိနပ်နှင့် စက်မှုသုံးရော်ဘာပစ္စည်းများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်နိုင်ပါက ကုန်ကြမ်းတစ်တန်၏တန်ဖိုးကို မြှင့်တင်နိုင်မည်ဖြစ်သကဲ့သို့ စက်မှုလုပ်ငန်းများနှင့်အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာနိုင်မည်ဖြစ် . . .**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် မအေးချမ်းမြေ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် မောင်စည်သူဖိုလ်အား ဆုပေးအပ်ချီးမြှင့်စဉ်။

❖ **နိုင်ငံကို ခေတ်မီနိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခံ့ညားထည်ဝါစွာရပ်တည်နိုင်စေရန်အတွက် အရည်အသွေးပြည့်ဝသည့် ပညာတတ်လူငယ်များ၏ စွမ်းရည်စွမ်းအားမြင့်မားမှုသည် ပဓာနကျ၊ အတွေးအခေါ်မြင့်မားပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် ထူးချွန်လူငယ်များသည် နိုင်ငံတော်အတွက် အဖိုးအနဂ္ဃ ထိုက်တန်သည့် အမြတ်တေရတနာများပင်ဖြစ်၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်စွမ်းဆောင်နိုင်စွမ်း၊ ဖန်တီးနိုင်စွမ်းရှိကြသည့်အရင်းအမြစ်များလည်းဖြစ်**

⋆ **ရှေ့ဖုံးမှအဆက်**

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့်အခမ်းအနားတက်ရောက်လာကြသူများသည်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအားအလေးပြုကြသည်။

ထို့နောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသူ လူငယ်မောင်မယ်လေးများက “ပညာဂုဏ်ရည်မြင့်မား နိုင်ငံ့ကြယ်ပွင့်များ” တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံကို ခေတ်မီနိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခံ့ညားထည်ဝါစွာရပ်တည်နိုင်စေရန်အတွက် အရည်အသွေးပြည့်ဝသည့် ပညာတတ်လူငယ်များ၏ စွမ်းရည်စွမ်းအားမြင့်မားမှုသည် ပဓာနကျကြောင်း၊ အတွေးအခေါ်မြင့်မားပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် ထူးချွန်လူငယ်များသည် နိုင်ငံတော်အတွက် အဖိုးအနဂ္ဃ ထိုက်တန်သည့် အမြတ်တေရတနာများပင်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စွမ်းဆောင်နိုင်စွမ်း၊ ဖန်တီးနိုင်စွမ်းရှိကြသည့် အရင်းအမြစ်များလည်းဖြစ်ကြကြောင်း။

ယခု ဆုနှင်းသဘင်ခန်းမအတွင်း၌ ရောက်ရှိနေကြသည့် ဆုရကျောင်းသား၊ ကျောင်းသူများသည် အခြေခံပညာနှင့် အသိဉာဏ်ပြည့်စုံကြွယ်ဝကြသူများ၊ ရည်မှန်းချက်မြင့်မားကြသူများဖြစ်ကြပြီး ဖွဲလုံ့လဝီရိယနှင့်တစိုက်မတ်မတ်ကြိုးစားအားထုတ်ခဲ့ကြသဖြင့် ယခုကဲ့သို့ ထူးချွန်စွာအောင်မြင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့အပြင် ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်နှင့်အဆင့်မြင့်ပညာကို အပတ်တကုတ်သင်ယူပြီး ဘဝအောင်မြင်ရေးအတွက် ထူးချွန်ထက်မြက်အောင် ဆက်လက်ကြိုးစားသွားကြလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်ကြောင်း။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသားများအပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများမှ ကျောင်းသားများလည်း ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း၊ ယခုနှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်သဖြင့် ယခင်နှစ်များထက် အောင်ချက်ရာနှုန်းတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် ယခုနှစ်တွင် စတင်ကျင်းပသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည်လည်း ၄၉ ဒသမ ၇ ရာခိုင်နှုန်းရရှိခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံ့ပညာရေးအတွက် အားရဂုဏ်ယူစရာပင်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိသူ (၆၇၄)ဦး၊ တစ်နိုင်ငံလုံးဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ (၃၂)ဦးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင်လည်း ဘာသာစုံဂုဏ်ထူးရရှိသူ (၃) ဦး၊ တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ (၅၀) ဦး ပေါ်ထွက်ခဲ့ကြောင်း။

ယနေ့အခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများတွင်တစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ (၃၀၇)ဦးကို ရွှေစင်(၁) ကျပ်သား ဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးပမ်းအားထုတ်မှုနှင့်အောင်မြင်မှုရလဒ်များကို မှတ်ကျောက်တင်ဂုဏ်ပြုပေးခြင်းဖြစ်သဖြင့် အဆင့်မြင့်ပညာကို ဆက်လက်ထူးချွန်အောင် ကြိုးစားရန် မြှောက်စားအားပေးခြင်းလည်း ဖြစ်သည်ကို ပြောကြားလိုကြောင်း။ **စာမျက်နှာ ၁၆ သို့** ⋆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် မသက်နှင်းစံအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် မောင်ဉာဏ်ဟိန်းဇေအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသူတစ်ဦးအားဆုပေးအပ်ချီးမြှင့်စဉ်။

- ❖ **ယခုနှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်သဖြင့် ယခင်နှစ်များထက် အောင်ချက်ရာနှုန်းတိုးတက်လာသည်ကို တွေ့ရှိရ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းသည်လည်း ၄၉ ဒသမ ၇ ရာခိုင်နှုန်းရရှိခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံ့ပညာရေးအတွက် အားရဂုဏ်ယူစရာပင်ဖြစ်**
- ❖ **ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုကို ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံသားများ၏ အသိဉာဏ်ပညာပြည့်စုံကြွယ်ဝမှု၊ အခြေခံစိတ်ဓာတ်ကောင်းမွန်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထားထိန်းသိမ်းတတ်မှု စသည့် အရည်အချင်းများသည် အဓိကကျ**

☆ **စာမျက်နှာ ၁၅ မှ**

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုကို ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံသားများ၏ အသိဉာဏ်ပညာပြည့်စုံကြွယ်ဝမှု၊ အခြေခံစိတ်ဓာတ်ကောင်းမွန်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထားထိန်းသိမ်းတတ်မှု စသည့် အရည်အချင်းများသည် အဓိကကျပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် ဘက်စုံထူးချွန်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံသားများ၏ စွမ်းပကားနှင့်ခေတ်မီနိုင်ငံတော်သစ်ကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စက်မှုလက်မှု၊ ကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးမြှင့်နိုင်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကစပြီး ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခုဆိုပါက (၉၂)ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယင်းကျောင်းများမှသင်ယူပြီးမြောက်သည့် ကျောင်းသား၊ ကျောင်းသူများလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ယခုပညာသင်နှစ်ကစပြီး အခြေခံပညာ အလယ်တန်းဆင့်၌ပါ သက်မွေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးနေပြီဖြစ်ကြောင်း။

**ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို အလေးအနက်ထား မှာကြားလိုသည်မှာ မိမိတို့နိုင်ငံ၏ ရေမြေတောတောင်သဘာဝ ပထဝီဝင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေများကို သေသေချာချာသိရှိအောင် လေ့လာစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာပြီး မှန်ကန်သည့်လုပ်ရပ်များနှင့် နိုင်ငံကို အကျိုးပြုနိုင်အောင် ကြိုးစားကြစေလို**ကြောင်း၊ **အချင်းချင်း အပြန်အလှန်လေးစားမှုရှိပြီး မတူကွဲပြားမှုများကို အမျိုးသားရေးစွမ်းအားအဖြစ် ရှုမြင်သုံးသပ်နိုင်သည့် စိတ်ထားရှိအောင် ကြိုးစားသွားကြရမည်ဖြစ်**ကြောင်း၊ **အနာဂတ်နိုင်ငံကို ဦးဆောင်ကြမည့်သူများဖြစ်သဖြင့် ပြောဆိုလုပ်ကိုင်မှုမှန်သမျှတွင် သေသေချာချာစဉ်းစားသုံးသပ်ပြီး နိုင်ငံ့အကျိုးစီးပွားအတွက် အကျိုးဖြစ်ထွန်းစေမည့်အရာများကိုဖော်ဆောင်ကြရန်နှင့်ထိခိုက်စေမည့်အရာများကို ရှောင်ကြဉ်ကြရန်** မှာကြားလိုကြောင်း။

ထိုကဲ့သို့ အခြေခံသဘောတရားများကို သိရှိနားလည်ရန်၊ စဉ်းစားဆင်ခြင်သုံးသပ်နိုင်ရန်အတွက် အဓိကအနေဖြင့် အသိပညာဗဟုသုတပြည့်စုံရန်လိုကြောင်း၊ အသိပညာမရှိပါက မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်စွမ်းမဲ့ပြီး လွဲမှားသည့် အယူအဆများနှင့် မိမိကိုသာမက ပတ်ဝန်းကျင်ကိုပါ အကျိုးယုတ်ပျက်စီးစေနိုင်ကြောင်း၊ ထို့ကြောင့် အသိဉာဏ်ပညာပြည့်ဝပြီး အကျင့်စာရိတ္တကောင်းမွန်ရန် စာများများဖတ်သည့် အလေ့အကျင့်ကို မွေးမြူကြရန်နှင့် သုတ၊ ရသ စာပေအမျိုးမျိုးကို လေ့လာဖတ်ရှုကြရန်၊ စိတ်ထဲတွင် စွဲမြဲအောင်မှတ်သားပြီး ဘဝအတွက်ကျင့်သုံးလိုက်နာသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဒီဂျစ်တယ်စီးပွားရေးနှင့် AI အခြေပြုဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အားကောင်းလာသည်ကိုတွေ့ရကြောင်း၊ လူငယ်များအနေဖြင့် ကမ္ဘာ့အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ်သိရှိပြီး သိပ္ပံနှင့် နည်းပညာအခြေပြုစွန့်ဦးတီထွင်မှုများ ပိုမိုဆောင်ရွက်ကြစေလိုကြောင်း၊ ခေတ်မီပညာရပ်များကို လက်လှမ်းမီရှာဖွေနိုင်ရန် လူမှုကွန်ရက်နှင့် အင်တာနက်များကို မှန်မှန်ကန်ကန်၊ အကျိုးရှိရှိအသုံးချရန် လိုအပ်ကြောင်း၊ အကျိုးမရှိသည့် တလွဲအသုံးပြုမှုများနှင့် အမှားမလုပ်မိကြရေးကိုလည်း



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် မမေဇင်ဖုန်းမြတ်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် မအိကေဇင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

အခန်းကဏ္ဍကို ထိထိရောက်ရောက် အာရုံစိုက်ပြီး အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယခုမိမိတို့အစိုးရသစ်ကာလတွင် လူငယ်ရေးရာဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းပြီး လူငယ်ရေးရာမူဝါဒများချမှတ်ကာ လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များ တိုင်းတစ်ပါးနိုင်ငံများကို သွားရောက်အလုပ်လုပ်ကိုင်နေကြခြင်းသည် နိုင်ငံတော်အတွက် အလွန်နစ်နာပြီး နိုင်ငံ့အရင်းအမြစ်များ များစွာဆုံးရှုံးရကြောင်း၊ ထို့ကြောင့်လူငယ်များအနေဖြင့်မိမိတို့နိုင်ငံက သင်ပေးလိုက်သည့်ပညာရပ်များဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို အပြည့်အဝအကျိုးပြုပြီး ပြန်လည်ကျေးဇူးဆပ်နိုင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဘဝရှင်သန်ရပ်တည်ရေးအတွက် အတတ်ပညာတစ်ရပ်ရပ်ကို ကျွမ်းကျင်လိမ္မာရန်လိုသကဲ့သို့ ဘာသာတရား၏အဆုံးအမနှင့်အညီ ကိုယ်၊ နှုတ်၊ နှလုံး ယဉ်ကျေးသိမ်မွေ့သူများဖြစ်ကြရန်လည်း သင်ယူကြရမည်ဖြစ်

- ❖ **ခေတ်မီပညာရပ်များကို လက်လှမ်းမီရှာဖွေနိုင်ရန် လူမှုကွန်ရက်နှင့်အင်တာနက်များကို မှန်မှန်ကန်ကန်၊ အကျိုးရှိရှိ အသုံးချရန်လိုအပ်**
- ❖ **လူငယ်များ တိုင်းတစ်ပါးနိုင်ငံများကို သွားရောက်အလုပ်လုပ်ကိုင်နေကြခြင်းသည် နိုင်ငံတော်အတွက် အလွန်နစ်နာပြီး နိုင်ငံ့အရင်းအမြစ်များ များစွာဆုံးရှုံး၊ မိမိတို့နိုင်ငံက သင်ပေးလိုက်သည့်ပညာရပ်များဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို အပြည့်အဝအကျိုးပြုပြီး ပြန်လည်ကျေးဇူးဆပ်နိုင်ကြရန် တိုက်တွန်းမှာကြားလို**



၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ပုသိမ်)မှ မနှင်းဝင့်ထည်က ကျေးဇူးတင်စကားပြောကြားစဉ်။

သတိပေးမှာကြားလိုကြောင်း။

နိုင်ငံတိုးတက်ရေး လူတိုင်းအလုပ်လုပ်ကြရန် အရေးကြီးပြီး မိမိတို့အသက်အရွယ်အလိုက် ကျွမ်းကျင်ရာလိမ္မာရာ သင့်လျော်သည့် လုပ်ငန်းဆောင်တာများကို သမ္မာအာဇီဝရှိရှိ၊ အတ္တနှင့်ပရ မျှမျှတတဆောင်ရွက်ကြရန်လိုကြောင်း၊ အချိန်ကိုအချည်းနှီးမဖြစ်စေရေး အကျိုးရှိရှိအသုံးချကြရမည်ဖြစ်ပြီး ပျင်းရိနေပါက အရာရာနောက်ကျကျန်ခဲ့မည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုမိမိယုံကြည်ပြီး တိုးတက်အောင်လုပ်ကြရန်နှင့် ရည်မှန်းချက်မြင့်မြင့်ထားပြီး စဉ်ဆက်မပြတ်အားထုတ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ကျောင်းသားလူငယ်များ အနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်တတ်သည့်အလေ့အကျင့်ကောင်းများရှိရန်လိုကြောင်း၊ ကိုယ်လက်လှုပ်ရှားအားကစားမှုနှင့်အတူ ဝါသနာပါရာအားကစားတစ်မျိုးမျိုးကို လေ့လာလိုက်စားသင့်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ကိုယ်ရည်ကိုယ်သွေးမြင့်မားသူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုအကောင်းဆုံးဖြစ်အောင် လေ့ကျင့်ပျိုးထောင်ခြင်းသည် နိုင်ငံတော်ကိုအကျိုးပြုရာရောက်ပြီး ပညာရေး၊ ကျန်းမာရေး၊ အားကစား စသည်တို့သည် တစ်ခုနှင့်တစ်ခုဆက်စပ်နေပြီး ဘဝအတွက် အားနည်း၍မရနိုင်သည့် အခြေခံလိုအပ်ချက်များဖြစ်သည်ကို အားလုံးက သတိရှိကြရန်မှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် လူငယ်များ၏ ကြောင်း၊ ထို့ကြောင့်လည်း အခြေခံပညာကျောင်းများတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟူသည့် ပြည့်စုံရမည့်ဦးတည်ချက်များကို ချမှတ်သင်ကြား လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကိုတန်ဖိုးထားမြတ်နိုးပြီး အမျိုး၊ ဘာသာ၊ သာသနာကို **စာမျက်နှာ ၁၈ သို့** ☆






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အခမ်းအနားတက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများ၏ သရုပ်ဖော်ကပြတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

★ **စာမျက်နှာ ၁၇ မှ**

ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လည်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ အဘက်ဘက်ကထူးချွန်ပြည့်စုံသည့် နိုင်ငံတော်က အားကိုးထိုက်သည့် လူတော်လူကောင်းများဖြစ်လာမည်ဖြစ်ကြောင်း။

**နိုင်ငံသားတစ်ယောက်၏ ကျင့်ဝတ်သိက္ခာနှင့်အညီ တန်ဖိုးရှိစွာနေထိုင်တတ်ပြီး ထူးချွန်ထက်မြက်သည့် လူရည်ချွန်လူရည်မွန်များဖြစ်အောင် ဆက်လက်ကြိုးစားကြရန်၊ နိုင်ငံနှင့်လူမျိုးအကျိုးကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များနှင့် သစ္စာရှိရှိအားမာန်အပြည့်ဖြင့် သယ်ပိုးထမ်းရွက်ကြရန်၊ နိုင်ငံ့အနာဂတ်ကို ပညာဖြင့်ထုဆစ်ပုံဖော်နိုင်သည့် ရှေ့ဆောင်လမ်းပြကောင်းများဖြစ်စေရေး ဘဝတွင်အောင်မြင်မှုများရအောင် ကြိုးပမ်းကြရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးတည်ဆောက်ရာတွင်လည်း ကျရာကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ကျေပွန်အောင် ပူးပေါင်းပါဝင်သွားကြရန်တိုက်တွန်းလို**ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသော မသီရိစိုး၊ မအေးချမ်းမြေ့၊ မောင်စည်သူဗိုလ်၊ မသက်နှင်းစံ၊ မောင်ဉာဏ်ဟိန်းဇေ၊ မမေဇင်ဖုန်းမြတ်၊ မအိကေဇင်၊ မသင်းပျံ့ပြည့်စုံခင်၊ မောင်ဘုန်းတေဇသွေး၊ မဆောင်းနှင်းဖြူနှင့် မခင်ငြိမ်းစုတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက်ဒုတိယသမ္မတဒေါ်နန်းနီနီအေးက ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးအားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင်မြန်မာတစ်နိုင်ငံလုံးအမှတ်အများဆုံးဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးအားလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၅ ဦးနှင့် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၅ ဦးအားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့်ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့်ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့်ကျောင်းသား၊ ကျောင်းသူများကိုယ်စား အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ပုသိမ်)မှ မနှင်းဝင့်ထည်က ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသားလူငယ်များကို အရည်အသွေးမြင့်ပညာတတ်လူသားကောင်းများဖြစ်စေရန်အတွက် အဘက်ဘက်မှစေတနာထားဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိနေသည်ကို မိမိတို့အနေဖြင့် လက်တွေ့ခံစားခဲ့ရပြီဖြစ်ပါကြောင်း၊ ထို့ကြောင့်မိမိတို့လူငယ်များအနေဖြင့် ရရှိခဲ့သည့်အခွင့်အရေးကိုအပြည့်အဝအသုံးချပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများကိုရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ကြိုးစားအားထုတ်မှုနှင့်အောင်မြင်မှုများကို အသိအမှတ်ပြုပြီး နိုင်ငံတော်အဆင့်အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှောက်ပေးသည့်အတွက် နိုင်ငံတော် သမ္မတကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ယခုကဲ့သို့ အောင်မြင်မှုများရရှိခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် အထောက်အပံ့ကောင်းများကြောင့် ဖြစ်သည်ကို လေးစားစွာတင်ပြလိုပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ကျေးဇူးတရားကို လေးလေးနက်နက်ခံယူပြီး နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာစောင့်သိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် နေထိုင်သွားမည်ဟု သန္နိဋ္ဌာန်ပြုပါကြောင်း၊ မိမိတို့ လေ့လာသင်ယူခဲ့သည့်ပညာရပ်ဗဟုသုတများနှင့် အများအကျိုးသယ်ပိုးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ပညာတတ်လူလိမ္မာများဖြစ်အောင် ကျင့်ကြံနေထိုင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကိုချစ်မြတ်နိုးပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်မှပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်သွားမည်ဟု ထူးချွန်ကျောင်းသား၊ ကျောင်းသူများကိုယ်စားကတိပြုအပ်ပါကြောင်းပြောကြားသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်ကောင်စီနယ်မြေမှကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်လေးများက "ထူးချွန်သူတို့ဂုဏ်ပြုစို့" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆုရကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်သမ္မတက ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင်နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆုရကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

⇛ **ကျောဖုံးမှအဆက်**

မြန်မာယူ-၂၀ အသင်းနှင့် သီရိလင်္ကာယူ-၂၀ အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာယူ-၂၀ အသင်းက သီရိလင်္ကာယူ-၂၀ အသင်းကို လေးဂိုးပြတ်သွင်း၍ အနိုင်ရရှိသွားသည်။

ပထမပိုင်းစသည်နှင့် လူငယ်ကစားသမားများပီပီ လျင်လျင်မြန်မြန်ဖြင့် သူတစ်ပြန်ကိုယ်တစ်လှည့် အပြိုင်အဆိုင်တိုက်စစ်ဆင်ကစားခဲ့သည်ဆိုသော်လည်း ပွဲချိန်ကြာသည်နှင့် သီရိလင်္ကာအသင်းကစားအားကျလာ၍ မြန်မာအသင်းဘောလုံးပိုင်ဆိုင်မှုယူကာ တိုက်စစ်မြှင့်ကစားလာသည်။ ပွဲကစားချိန် ၁၈ မိနစ်တွင် စိုင်းဘိုဘိုကျော်က မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့သည်။

အဖွင့်ဂိုးရရှိပြီး နောက်ပိုင်းတွင်လည်း မြန်မာအသင်းအခွင့်အရေးကောင်းများရရှိခဲ့ပြီး ပွဲကစားချိန် ၂၇ မိနစ်တွင်ကောင်းခန့်ကျော်က အဝေးမှတိုက်ရိုက်ကန်သွင်းကာ ဒုတိယဂိုးကို သွင်းယူပေးခဲ့သည်။ မြန်မာအသင်း၏အဝေးကန်ချက်များကိုထိန်းချုပ်ရန်နှင့်တိုက်စစ်မြှင့်ရန် ပွဲကစားချိန် ၃၂ မိနစ်တွင် သီရိလင်္ကာအသင်း လူစားလဲမှုများပြုလုပ်ရင်ဆိုင်လာခဲ့သော်လည်း မြန်မာအသင်းဦးဆောင်မှုအောက်တွင်သာ ရုန်းကန်ခဲ့ရသည်။ ပွဲကစားချိန် ၃၉ မိနစ်တွင် ကောင်းခန့်ကျော်က တတိယဂိုးထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင်မြန်မာအသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် သီရိလင်္ကာအသင်း ချေပဂိုးရရှိရေး လူစားလဲမှုများဆက်တိုက်ပြုလုပ်ပြီး မြန်မာအသင်းကို ရင်ဆိုင်ယှဉ်ပြိုင်ခဲ့သော်လည်း မြန်မာအသင်းတိုက်စစ်ကသာ ပွဲကိုဦးဆောင်ထားသည်။ ပွဲကစားချိန် ၈၆ မိနစ်တွင် ကြယ်ရောင်မင်းလေးပို့ပေးသည့်ဘောလုံးမှ စိုင်းဇွန်သျှန်းက စတုတ္ထဂိုးကိုသွင်းယူနိုင်ခဲ့၍ မြန်မာအသင်းက လေးဂိုးပြတ်ဖြင့် သီရိလင်္ကာအသင်းကို အနိုင်ရရှိသွားသည်။

အဆိုပါ 2027 AFC U-20 Asian Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်များအား ၂၀၂၆ ခုနှစ်ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၆ ရက်ထိ ကျင်းပလျက်ရှိရာ မြန်မာအသင်းသည် စက်တင်ဘာလ ၃ ရက်ညနေ ၄ နာရီတွင် ဘရူနိုင်းအသင်းနှင့်လည်းကောင်း၊ စက်တင်ဘာလ ၆ ရက် ညနေ ၄ နာရီတွင် မော်ဒိုက်အသင်းနှင့်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါအသင်းလေးသင်းအနက်မှ ထိပ်ဆုံးအသင်းနှစ်သင်းသည် လာမည့် 2029 U-20 Asian Cup တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ဝန်းရံခ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

**နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# မှန်ကန်တိကျသည့်သတင်းအချက်အလက်များကို ဒေသခံပြည်သူများထံ ထိရောက်စွာဖြန့်ဝေပေးနိုင်ရေး အလေးထားဆောင်ရွက်

**ကလော ဩဂုတ် ၃၁**

နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းစဉ်များကို ဒေသခံပြည်သူများ သိရှိနားလည်နိုင်ရေး သတင်းအချက်အလက်များ အချိန်မီရရှိစေရန်၊ မှန်ကန်တိကျသည့် သတင်းအချက်အလက်များကို ဒေသခံပြည်သူများထံ ထိရောက်စွာဖြန့်ဝေပေးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ယနေ့နံနက်ပိုင်းတွင် ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်မှာကြားသည်။



တွေ့ဆုံပွဲအပြီးတွင် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး အဆိုပါရုံး၌ ကလေးစာဖတ်ခန်း ခင်းကျင်းပြင်ဆင်ထားရှိမှု၊ ရာဂိမုန်တိုင်းကြောင့် ရုံးပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှုမှတ်တမ်းတို့ကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလောမြို့နယ်ရုံး အဆောက်အအုံသစ်ဆောက်လုပ်မည့် လျာထားမြေနေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး(ပင်းတယ)ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ MOI Website၊ MTube စသည့် အွန်လိုင်းစနစ်များတွင် သတင်းများကို နေ့စဉ်တင်ဆက်ပေးနေမှုများကိုပြည်သူများ ပိုမိုသိရှိအသုံးပြုနိုင်ရန်အတွက် ရုံး၏ အသိပညာပေးဆိုင်းဘုတ်များတွင် QR Code များဖြင့် စနစ်တကျမိတ်ဆက်ဆောင်ရွက်ရန်၊ စာကြည့်တိုက်လုပ်ငန်းများ အဆင့်မြှင့်တင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျေးလက်ဒေသများအထိ ကွင်းဆင်းဆောင်ရွက်သည့်လုပ်ငန်းများကို ထိထိရောက်ရောက်ကြိုးစားဆောင်ရွက်သွားရန် မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် MRTV DTH စလောင်း ၁၀ စုံနှင့် CANAL+ ၁၀ စုံတို့ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ခဲ့သည်။

ထို့နောက် ပင်းတယမြို့ရှိ Forever Yay Wati ကုမ္ပဏီလီမိတက်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စိမ်းလန်းစိုပြည်ရေးကိုအခြေခံ၍ ရုပ်ရှင်နှင့်ရုပ်မြင်သံကြားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများအတွက် စတူဒီယိုများ ထူထောင်ခြင်းစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုရာ စီမံကိန်းဒါရိုက်တာက လုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

---

# ညောင်တုန်းကျွန်းတာ မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် မြေအိပ်ကျမှု ဖြစ်ပွားခဲ့သည့်နေရာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်



**ပုသိမ် ဩဂုတ် ၃၁**

ညောင်တုန်းမြို့နယ်ချောင်းကြီးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာရှိ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)သည် ဩဂုတ်လ ၂၅ ရက်က ဧရာဝတီမြစ်ရေတိုက်စားပြီး တာအိပ်ကျမှု ဖြစ်ပွားခဲ့သည့် တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာနှင့် တစ်ဆက်တည်းတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများက ကမ်းပြို၊ ကမ်းစားကာကွယ်ရေးလုပ်ငန်းများဖြစ်သော တာခြေထောက်ခြင်းလုပ်ငန်း အလျားပေ ၃၅၀ ထပ်မံဆောင်ရွက်ခြင်း၊ ယခင်ဆောင်ရွက်ပြီးသော ယာယီပန်းတာအား ထပ်မံမြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ ရေစီးနှုန်းလျော့ကျစေပြီး ရေထဲတွင် ပါလာသောနုန်းမြေများ စုပုံလာအောင် ပြုလုပ်ခြင်းလုပ်ငန်းနှင့် သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် ထပ်မံ၍မြေအိပ်ကျမှု မဖြစ်ပေါ်စေရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်၊ မြစ်ကမ်းပါးရေတိုက်စားမှုအခြေအနေများကို အမြဲမပြတ်စောင့်ကြည့်စစ်ဆေး၍ အခြေအနေအလိုက် လိုအပ်သည့် ကြိုတင်ကာကွယ်ရေးနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ဒေသခံများနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန်မှာကြားကာ ယာယီပန်းတာ တည်ဆောက်ရာတွင် ရွှေ့ပြောင်းခဲ့ရသည့် ပြည်သူများ၏ ကွမ်းခြံများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် မအူပင်မြို့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိရေဘေးသင့်ပြည်သူများအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ တာဝန်ရှိသူများက အလှူငွေကျပ်သိန်း ၁၀၀ နှင့် ငွေကျပ်သိန်း ၁၇၀ တန်ဖိုးရှိ ဆေးဝါးနှင့်စားသောက်ဖွယ်ရာများအား လာရောက်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

# မကွေးမြို့နယ် သန်းတောကုန်းကျေးရွာရှိ သမဝါယမ အသင်းစုအနေဖြင့် တန် ၂၀ ကျဆီစက်လုပ်ငန်းဖြင့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ထုတ်လုပ်လျက်ရှိ

**မကွေး ဩဂုတ် ၃၁**

မကွေးမြို့နယ်သန်းတောကုန်းကျေးရွာရှိ သမဝါယမအသင်းစုအနေဖြင့် တန် ၂၀ ကျဆီစက်လုပ်ငန်းဖြင့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ထုတ်လုပ်လျက်ရှိကြောင်း အဆိုပါသမဝါယမအသင်းစုမှ သိရသည်။

အဆိုပါသမဝါယမအသင်းစု၏ ဆီစက်လုပ်ငန်း လည်ပတ်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် သွားရောက်ကြည့်ရှုစစ်ဆေးပြီး အသင်းသားတောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် အသင်းသားတောင်သူများ၏ သီးနှံဈေးကွက်တည်ငြိမ်မှု၊ လုပ်သားရှားပါးမှုနှင့် လယ်ယာသုံးစက်ပစ္စည်းဝယ်ယူသုံးစွဲရန် အခက်အခဲရှိမှုတို့နှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် သမဝါယမသင်တန်းကျောင်း(မကွေး) ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများအနေဖြင့် စာတွေ့၊ လက်တွေ့ ပညာရပ်များကို ဂရုစိုက်သင်ယူကြရန်၊ ကျောင်း၏ စည်းကမ်းချက်များကို လိုက်နာ၍ အရည်အသွေးပြည့်ဝသော သမဝါယမဝန်ထမ်းကောင်းများ၊ လူငယ်စံပြ အမျိုးသား၊ အမျိုးသမီးများ ဖြစ်အောင် ကြိုးစားကြရန်နှင့် သင်တန်းကျောင်း ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ယူနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၉-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၇၁၀ | ၃၈၆၅ | ၃၈၁၅ | ၃၇၂၅ | ၃၈၆၅ | ၃၈၈၀ | ၃၉၁၅ | ၃၇၉၅ | ၄၁၆၀ | ၄၁၉၀ | ၃၈၁၅ | ၃၉၃၀ | ၃၉၀၅ | ၃၈၆၅ | ၃၈၇၅ | ၄၁၀၅ |
| 95 Ron | ၃၈၁၅ | ၃၉၇၀ | ၃၉၂၀ | ၃၈၃၀ | ၃၉၇၅ | ၃၉၈၅ | ၄၀၂၀ | ၃၉၀၀ | ၄၂၇၀ | ၄၂၉၅ | ၃၉၂၀ | ၄၀၅၀ | ၄၀၁၀ | ၃၉၇၀ | ၃၉၈၀ | ၄၂၁၀ |
| HSD (500 ppm) | ၄၂၄၀ | ၄၃၈၅ | ၄၃၄၀ | ၄၂၅၅ | ၄၃၉၀ | ၄၄၀၅ | ၄၄၃၅ | ၄၃၂၀ | - | ၄၇၀၀ | ၄၃၄၀ | ၄၈၅၀ | ၄၄၂၅ | ၄၃၈၅ | ၄၃၉၅ | ၄၆၁၅ |
| HSD (50 ppm) | ၅၁၄၀ | ၅၂၉၅ | ၅၂၄၅ | ၅၁၅၅ | ၅၂၉၅ | ၅၃၁၀ | ၅၃၄၅ | ၅၂၂၅ | ၅၅၉၀ | ၅၆၂၀ | ၅၂၄၅ | ၅၃၈၅ | ၅၃၃၅ | ၅၂၉၅ | ၅၃၀၅ | ၅၅၃၅ |
| HSD (10 ppm) | ၅၁၄၀ | ၅၂၉၅ | ၅၂၄၅ | ၅၁၅၅ | ၅၂၉၅ | ၅၃၁၀ | ၅၃၄၅ | ၅၂၂၅ | | ၅၆၂၀ | ၅၂၄၅ | ၅၃၈၅ | ၅၃၃၅ | ၅၂၉၅ | ၅၃၀၅ | ၅၅၃၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၅၁၀ | ၃၆၁၄ |
| 95 Ron | ၃၆၁၃ | ၃၇၁၉ |
| HSD (500 ppm) | ၄၀၃၇ | ၄၁၄၇ |
| HSD (50 ppm) | ၄၈၉၅ | ၅၀၂၃ |
| HSD (10 ppm) | ၄၈၉၅ | ၅၀၂၃ |

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

"ဝင် ဘာဖြစ်သလဲကွဲ့၊ သင်းငယ်ငယ်က တစ်နေ့ ၄၊ ၅၊ ၁၀ ခါ ငါရိုက်လာခဲ့တာ အခုမှ သင်းကို ငါကအရေးလုပ်နေရဦးမှာလား"ဟု ပြောပြီး ဝင်သွားလေ၏။ မောင်ထွန်းမြတ်လည်း မိနှစ်ကိုခေါ်၍ စားစရာဘာများရှိသလဲ ရှိတာအကုန်ယူခဲ့ပြီး ဒီအခန်းမှာပြင်ထားလိုက် ပြင်ပြီးနင်တို့အိပ်ကြတော့ မနက်မှလာသိမ်း"ဟုပြော၍ မောင်ထွန်းမြတ်လည်း မောင်ဘချိုရှိရာအခန်းသို့ဝင်သွားပြီးလျှင် အပေါက်ကိုကန့်လန့်ချ၍ထားလေ၏။

အခန်းတွင်းသို့ရောက်လျှင် အစ်မကြီးလည်း ဖလန်နယ်ကတော့ကြီးကိုဆောင်းလျက်၊ မောင်ဘချိုလည်း အင်္ကျီကိုပြောင်းပြန်ဝတ်လျက် တစ်ယောက်နှင့်တစ်ယောက်မျက်နှာချင်းဆိုင်ရပ်ကာ ကြည့်နေကြရာမှ အစ်မကြီးက "မင်း ဒီလာဝံ့တာ ငါအံ့ဩတယ်ကွယ် ၊ မင်းအရင်တစ်ခါလာတာ လူတွေသိကုန်ကြပြီ မင်းသိရဲ့လား"

"ဟုတ်လား ဘယ်သူပြောလို့ သိသွားသလဲ"

"ဘယ်သူကပြောတယ် ငါမသိဘူး၊ သိတာတော့အမှန်ပဲ ညစ်ညစ်စုတ်စုတ်ဝတ်ပြီးလာသတဲ့၊ ပြောနေကြတယ်"

"ဒါဖြင့် မိချင်လည်းမိသွားပါစေတော့ အစ်မကြီးရယ်၊ ကျွန်တော်ဖြင့် ဒီလိုချည်း တထိတ်ထိတ်တလန့်လန့်နဲ့နေရမယ့်အတူတူ မိသွားလို့သေရတာက ကောင်းပါသေးတယ်"

"ဒါတော့ မင့်အမှုမင်းရှာတာပဲ၊ မင်းဘာလို့ ဒီအကောင်ကိုတွေ့ရဲ့သားနဲ့ ဖမ်းပြီးမပို့လိုက်သလဲ"

"ဖမ်းပို့လို့ ဘယ့်နှယ်လုပ်မလဲ၊ သက်သေမှ ကျွန်တော်ကမပြနိုင်ဘဲ ကျွန်တော်ပြောတဲ့စကားတစ်ခုတည်းနဲ့ ဘယ်သူက ကျွန်တော့်ယုံကြည်လိမ့်မလဲ"

"မောင်ဘချို"

"ခင်ဗျာ"

"မင်းလောက် ဉာဏ်နည်းတဲ့အကောင် ဘယ်မှာရှိသေးသလဲ၊ ငါတို့ ဒီလိုဖြစ်စမ်းပါစေကွယ်၊ အဲဒီည္ဌကတည်းက ဒီအကောင် ချက်ချင်းဖမ်းပို့လိုက်မှာပေ့ါ၊ သူကတော့ မဟုတ်ပေါင်၊ ကိုယ်မသတ်ဘဲနဲ့ ကိုယ်သတ်သလိုလုပ်ပြီး ရှောင်တိမ်းနေလိုက်ရသေးတယ်၊ မင်းက လူသတ်မှုဖြစ်တာ ဂုဏ်ရှိတယ်ထင်လို့လား၊ နည်းနည်းကြီးသွားလို့ကွယ်၊ မင်းပြန်ငယ်စေချင်သေးတယ်၊ ငါ့လက်ဘယ်လောက်ပြင်းသလဲသိရအောင်"

"အစ်မကြီးတို့ကတော့ ကျွန်တော့်ချည်းပဲအပြစ်တင်ကြတာပေ့ါလေ"

"မင့်အပြစ်မတင် ဘယ်သူ့အပြစ်တင်ရဦးမလဲ၊ မင်းမိုက်လို့ ဒီလိုဒုက္ခရောက်ရတာမဟုတ်ဘူးလား"

"ဟုတ်ပါတယ် အစ်မကြီးရယ်"

မဂျမ်းပုံလည်း အားရအောင်ပြောပြီး၍ ကရုဏာဖြစ်လာသည်နှင့်- "မင်း ဒီကနေ့ည ဘယ်အိပ်မလို့တုံး"

"မပြောတတ်သေးပါဘူး အစ်မကြီးရယ်၊ နှင်းထဲမှာအိပ်လို့ အအေးမိပြီးသေသွားလည်း မိုက်စတုံးတာပေ့ါ" ဟုပြောလျှင် အစ်မကြီးလည်း အစေခံတို့မသိစေဘဲ မောင်ဘချိုကို မည်သည့်နေရာ၌ သိပ်ရမည်နည်းဟုစဉ်းစား၍ "ဒါဖြင့် ငါအိပ်တဲ့အခန်းနောက်က အခန်းကလေးထဲမှာ အိပ်ပေတော့၊ ကဲ ... ငါသွားပြီးအိပ်ရာပြင်ချေဦးမယ်" ဟု ပြော၍ ထသွားလေ၏။

မောင်ထွန်းမြတ်လည်း မောင်ဘချိုကိုခေါ်၍ မိနှစ်ပြင်ထားသောစားဖွယ်သောက်ဖွယ်တို့ကို ကျွေးမွေးလေ၏။ မောင်ဘချိုမှာ ဤမျှလောက်ကောင်းမွန်သောအစာတို့ကို မစားရသည်မှာကြာလှပြီဖြစ်၍ ဝမ်းပြည့်အောင်စားပြီးလျှင် ကုလားထိုင်ပေါ်တွင် အိပ်ပျော်သွားရာ ငါးမိနစ်ခန့်ရှိလျှင် အိပ်ရာမှလန့်နိုး၍ လက်ဖြင့်ကာပြီးလျှင် "ကျုပ်မသတ်ဘူးဗျ၊ ကျုပ်သတ်တာမဟုတ်ဘူးဗျ၊ သတ်တာက တစ်ယောက်ဗျ၊ သတ်တဲ့အကောင်က..." "ဟေ့... မောင်ဘချို၊ မောင်ဘချို" ဟုခေါ်၍ မောင်ထွန်းမြတ်က သတိပေးမှ မျက်လုံးကိုပွတ်ကြည့်ပြီးလျှင် "အမယ်လေးလန့်လိုက်တာဗျာ၊ အိပ်မက်ထဲမှာ ကျွန်တော့်မိသွားလို့ တကတဲရုန်းလိုက်ရတာဗျာ"

"မင်းက တယ်ကြောက်တာကိုးကွဲ့၊ အိပ်မက်ထဲမှာတောင် စိတ်စွဲနေတာပဲ၊ ကဲ... ဝပြီလား ဒီကြက်ပေါင်ကြော်လေး ကုန်အောင်စားလိုက်ဦးလေ၊ တော်ပြီလား၊ ကဲ... ဒါဖြင့် ည္ဌလည်းနက်ပြီ၊ မင့်အိပ်ရာငါလိုက်ပို့မယ်၊ လာသွားကြစို့" ဟု ပြော၍ မောင်ဘချိုအား မဂျမ်းပုံနောက်ရှိအခန်းသို့လိုက်ပို့ပြီးလျှင် အိပ်ကြလေ၏။

နံနက်လင်းလျှင် မဂျမ်းပုံသည် မိနှစ်အား "ငါ ဒီကနေ့ နေမကောင်းလို့ အိမ်အောက်မဆင်းနိုင်ဘူး၊ ထမင်းပွဲပြင်ပြီး ဒီအခန်းထဲယူခဲ့ပေတော့" ဟုပြောသည်နှင့် မိနှစ်လည်း ထမင်းပွဲပြင်ပြီးလျှင် အခန်းတွင်းသို့ယူလာရာ "ကဲ... သွားတော့ နောက်တစ်နာရီလောက်ကြာမှ လာယူလှည့်၊ ငါ အခုမစားချင်သေးဘူး"ဟု ပြောလိုက်လေသောကြောင့် မိနှစ်ထွက်သွားလျှင် မဂျမ်းပုံသည် မိမိအခန်းပေါက်ကိုပိတ်၍ မောင်ဘချို၏ အခန်းကိုဖွင့်ရာ မောင်ဘချိုမှာ ချောင်တစ်ခုတွင် ကုပ်၍ထိုင်နေသည်ကို တွေ့လေသောအခါ "မိုက်တုန်းကတော့ မင်းမိုက်ပြီး ဒီလောက်မကြောက်ပါနဲ့ကွယ်၊ ကဲ... လာ ထမင်းစားမယ်"

ထမင်းစားပြီး၍ မိနှစ်လည်း ထမင်းပွဲကိုသိမ်းသွားလျှင် မောင်ထွန်းမြတ်လည်း အစ်မကြီးအခန်းမှဖြတ်၍ မောင်ဘချိုအခန်းသို့ ဝင်သွားပြီးလျှင် "ဘယ့်နှယ် စားလို့ကောင်းရဲ့လားဟေ"

"ဘာပြောကောင်းမလဲဗျာ၊ ဒီလိုဆန်မျိုး၊ ဒီလိုဟင်းမျိုးများ မစားရတာကြာလှပြီကော၊ အို... ဒါနဲ့ ကျွန်တော်ဒီမှာပုန်းနေလို့ စိတ်မအေးပါဘူး၊ သွားချင်လှပါပြီ၊ အစေခံတွေများသိသွားမှဖြင့် ခက်တော့မှာပဲ"

> **"မောင်ထွန်းမြတ်လည်း မောင်ဘချိုကိုခေါ်၍ မိနှစ်ပြင်ထားသောစားဖွယ်သောက်ဖွယ်တို့ကို ကျွေးမွေးလေ၏။ မောင်ဘချိုမှာ ဤမျှလောက်ကောင်းမွန်သောအစာတို့ကိုမစားရသည်မှာကြာလှပြီဖြစ်၍ ဝမ်းပြည့်အောင်စားပြီးလျှင်ကုလားထိုင်ပေါ်တွင်အိပ်ပျော်သွားရာ ငါးမိနစ်ခန့်ရှိလျှင် အိပ်ရာမှလန့်နိုး၍လက်ဖြင့်ကာပြီးလျှင် ကျုပ် မသတ်ဘူးဗျ၊ ကျုပ်သတ်တာမဟုတ်ဘူးဗျ၊ သတ်တာက တစ်ယောက်ဗျ၊ သတ်တဲ့အကောင်က ဟေ့... မောင်ဘချို၊ မောင်ဘချို ဟုခေါ်၍ မောင်ထွန်းမြတ်က သတိပေးမှ မျက်လုံးကိုပွတ်ကြည့်ပြီးလျှင် . . ."**

"နေပါဦးကွယ်၊ ညနေကျတော့ မင်းသွားချင်တဲ့ဆီသွားတာပေ့ါ" ဟု ပြောဆဲတွင် မောင်ဘချို၏ဖခင် ရာဇဝတ်ဝန်ထောက်မင်းသည် လှေကားပေါ်သို့တက်လာ၍ "မောင်ထွန်းမြတ် ဘယ်လဲကွဲ့၊ ဒီခဏလာခဲ့ပါဦး" ဟု အော်ခေါ်သည်ကို မောင်ဘချိုကြားလျှင် နေစရာမရှိအောင် ကြောက်လှသဖြင့် တစ်ကိုယ်လုံးဆတ်ဆတ်တုန်လျက်ရှိလေ၏။

မောင်ထွန်းမြတ်လည်း ရုတ်တရက်မျက်နှာပျက်၍ "မင်း ဒီမှာ ခဏနေရစ်ဦး၊ ငါသွားပြီး စကားပြောလိုက်ဦးမယ်"ဟုပြော၍ မောင်ဘချိုအား အပေါက်ကိုပိတ်ထားစေပြီးလျှင် အစ်မကြီးအခန်းသို့ ဝင်မိလျှင် ဝင်မိချင်း ဝန်ထောက်ကြီးလည်း အစ်မကြီးအခန်းသို့ဝင်လာ၍ "ဘယ့်နှယ် မဂျမ်းပုံလည်းနေမကောင်းဘူးဆိုတာနဲ့၊ ဟေ့ ...မောင်ထွန်းမြတ် မင့် ငါတစ်ခုပြောစရာရှိလို့" ဟု ပြောလျှင် မဂျမ်းပုံက "ဘာအကြောင်းများလဲ ဦးရဲ့၊ ဒီလောက်အရေးကြီးရအောင် မိမိကြည်တို့ဆီကအကြောင်းလား" ဟု မေးလေရာ-

ဝန်ထောက်ကြီးမှာစိတ်ဆိုးနေခိုက်ဖြစ်၍ "ဘယ်က မိမိကြည်အကြောင်းရမလဲ၊ သူ အခု ဒီရောက်နေတယ်ဆိုပါလား"

"ဘယ့်နှယ် ဦးက သေသေချာချာကွဲပြားအောင် ဘယ်သူက ဘယ်ရောက်တာလဲ" ဟု မောင်ထွန်းမြတ်ကမေးလျှင်- "ငါ့သား ဘချိုပေ့ါ၊ ဒီအကောင်များ သားပြောရတာတောင်ရှက်ပါရဲ့"ဟုပြောလျှင် မောင်ဘချိုမှာ တံခါးတစ်ချပ်တည်းသာခြားသည်ဖြစ်၍ အလုံးစုံကြားသိရကား မည်မျှလောက်တုန်လှုပ်လေသည်ကို ပြော၍မပြနိုင်ပေ။

**ဆက်လက်ဖော်ပြပါမည်။**

# ဒိုက်ဦးမြို့နယ်၌ ရှိဘတ်စတာကော်ဖီ (မြေပြန့်ကော်ဖီ) ပျိုးပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲကျင်းပ



**ဒိုက်ဦး ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ဆင်ဇလုပ်ကျေးရွာ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၆၈/၅) ရှိ ခြံပိုင်ရှင် ဦးသက်ထွန်းအောင်၏ ဥယျာဉ်ခြံမြေ၌ ဩဂုတ်လ ၃၀ ရက်က ရှိဘတ်စတာကော်ဖီ (မြေပြန့်ကော်ဖီ) ပျိုးပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲကျင်းပသည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းနှင့်တာဝန်ရှိသူများက ဦးသက်ထွန်းအောင်၏ဥယျာဉ်ခြံမြေဧက ၂၀ ၌ စိုက်ပျိုးရန် ရှိဘတ်စတာကော်ဖီ(မြေပြန့်ကော်ဖီ)ပျိုးပင် ၄၅၀၀ ကို စိုက်ပျိုးမည့်တောင်သူများထံ ပေးအပ်သည်။

ထို့နောက် ညောင်လေးပင်ခရိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက ရှိဘတ်စတာကော်ဖီ(မြေပြန့်ကော်ဖီ) ပျိုးပင်များကို စုပေါင်းစိုက်ပျိုးပေးကြသည်။

အခမ်းအနားသို့ ညောင်လေးပင်ခရိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီခေတ္တဥက္ကဋ္ဌ ဦးဝေယံကျော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆင်ဇလုပ်ကျေးရွာ၊ အုတ်ရှစ်ကုန်းကျေးရွာ၊ ကုက္ကိုင်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ခြံပိုင်ရှင်တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၁၀)

## ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်းပေါခုံကျေးရွာအုပ်စု အင်းပေါခုံကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ဩဂုတ်လ ၃၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့်ဝန်ထမ်းများက အင်းပေါခုံကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေ ငွေကျပ်သန်း ၃၀ ဖြင့်ဆောင်ရွက်သော ရက်ကန်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းက RBF စီမံကိန်းကျေးရွာလုပ်ငန်းအဖွဲ့၊ ရက်ကန်းလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါစီမံကိန်းဖြင့် အင်းပေါခုံကျေးရွာ၌ ရက်ကန်းလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့အား စီမံကိန်းရန်ပုံငွေ ငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

MYAWADY IN ENGLISH DAILY EDITION

## President of the Republic of the Union of Myanmar H.E. U Min Aung Hlaing and spouse Daw Kyu Kyu Hla to make Official Visit to the Socialist Republic of Viet Nam

NAY PYI TAW September 1

At the invitation of President of the Socialist Republic of Viet Nam His Excellency Mr. To Lam and spouse, President of the Republic of the Union of Myanmar His Excellency U Min Aung Hlaing and spouse Daw Kyu Kyu Hla will pay an Official Visit to the Socialist Republic of Viet Nam in the near future.

During the visit, the President of Myanmar will meet and hold bilateral talks with the President of Viet Nam, meet with the Prime Minister of Viet Nam and President of the National Assembly of Viet Nam. Additionally, the President will receive representatives from economic organizations.

Furthermore, the President will attend the Myanmar-Viet Nam Business Forum 2026 and the itinerary includes visits to digital and electronic technology industries. During the visit, the President will hold cordial discussion and exchange views on further consolidation of the existing friendly relations, promotion of mutually beneficial cooperation between the two governments, parliaments and peoples, as well as cooperation across economic, cultural, and various other sectors.

The President and spouse will be accompanied by Union Ministers and officials during the visit.

**Myawady**

## President of the Republic of the Union of Myanmar U Min Aung Hlaing delivers address at the ceremony to honour students who passed the matriculation examination and technological, agricultural, and animal husbandry university entrance examinations for 2026 with flying colors, and presents awards



President U Min Aung Hlaing delivers an address at the ceremony to honour students who passed the matriculation examination and technological, agricultural, and animal husbandry university entrance examinations for 2026 with flying colors.

NAY PYI TAW August 31

A ceremony to honour students who passed the matriculation examination and technological, agricultural, and animal husbandry university entrance examinations for 2026 with flying colors took place at the Convocation Hall of Naypyitaw State Academy this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing, who gave away prizes.

Also present at the ceremony were Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, union ministers, union level dignitaries, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, deputy ministers, departmental personnel, teachers, parents, students who passed the matriculation examination and technological, agricultural, and animal husbandry university entrance examinations for 2026, and honoured guests.

At the commencement of the ceremony, the President and the attendees saluted the flag of the Republic of the Union of Myanmar.

Students of the No 11 Basic Education High School in Nay Pyi Taw Council Area sang the song, "Highly educated, rising stars of the nation" and performed a dance.

In his address, the President said caliber of the highly educated youths is crucial in modernizing and developing the country to be able to stand with pride and grandeur. Youths with high thinking power and five strengths are the invaluable jewels of the country and the core resources who have the ability and creativity for nation-building and national development undertakings.

The outstanding students who are in this Convocation Hall passed the relevant examinations with excellent results as they are the intellectuals possessing rich wisdom, high ambition and constant perseverance and zeal. The President expressed belief that they will continue to pursue higher education with strong will and unwavering spirit.

The President noted that students from technological, agricultural, and animal husbandry schools also entered the matriculation examination this year, alongside the basic educations school students. There is a rise in the pass rate of this year's matriculation examination as the pass rate reached 52.37 percent. Moreover, the pass state of the entrance examination of the technological, agricultural, and animal husbandry schools hit 49.7 percent mark, which is highly gratifying and praise-worthy for the education sector. A total of 674 all-subject distinction

SEE PAGE - 22



President U Min Aung Hlaing presents award to an outstanding student.

FROM PAGE - 21

winner students and 32 the nationwide top scorers in each subject combination emerged in the matriculation examination, while three students obtained distinctions in all subjects and 50 passed with highest marks each subject combination in the technological, agricultural, and animal husbandry entrance examinations.

At this ceremony, 307 nationwide top scorers in each subject combination in the matriculation examination and technological, agricultural, and animal husbandry entrance examinations will be awarded a one-kyattha pure gold coin each. As it is a ceremony that recognizes and honors the efforts and successful results of outstanding students, it is also a ceremony that encourages them to excel in their higher education.

Qualifications such as the intellectual enrichment and wisdom of the citizens, the good foundational mindset, the innovative ability, and the ability to value and maintain patriotic spirit are crucial in advancing towards national progress and modernization, and only with these qualifications can a modern nation be built on the prowess of fully capable, well-rounded citizens.

The State has established 92 basic education and industrial, agricultural and livestock breeding high schools since 2023-2024 academic year in order to produce qualified skilled workers for improvement of industrial and manufacturing sectors. Now, the students have emerged from these schools. Moreover, the vocational subjects will be lectured to students at the basic education middle school level starting from this academic year.

The President gave guidance to the outstanding students to thoroughly understand geographical and cultural traditions of the country as well as history and current situations. They have to serve the State with the correct activities by abiding by the Constitution of the State and existing laws and rules. The need to uphold the mutual respect and try hard to culture the spirit to view diversities as national strengths. As they will serve the State in the future, they need to assess their all activities and behaviors carefully and carry out all things which can benefit the interests of the State and avoid all things harmful to the State.

In order to understand and analyze such basic principles, it is essential to have a broad range of knowledge and understanding. Without adequate knowledge, one may lack the ability to make sound decisions and may develop misguided ideas that can cause harm not only to oneself but also to the surrounding environment. Therefore, the youth are urged to cultivate the habit of reading extensively to broaden their knowledge and wisdom and develop good moral character, and to study and read various forms of informative and literary works. They are also urged to retain what they have learned in their minds and apply and abide by it in their daily lives.

As today's era is an age of technology, digital businesses and AI-based services are gaining momentum rapidly. The youth are encouraged to stay abreast of developments around the world and engage more actively in science- and technology-



President U Min Aung Hlaing presents award to an outstanding student.



President U Min Aung Hlaing presents award to an outstanding student.

based entrepreneurship. They should use social media and the Internet properly and effectively to access and explore modern knowledge and skills. They should exercise caution and avoid improper or unproductive uses of these platforms and refrain from making mistakes through misuse.

It is important for everyone to work for the development of the nation and to engage in suitable occupations according to their age, skills and abilities, performing their duties through right livelihood and maintaining a proper balance between self-interest and the interests of others. Everyone should make effective use of their time and avoid wasting it, as those who remain idle and lazy will fall behind in every respect. They are encouraged to compete with themselves and strive for self-improvement, set high goals and make continuous efforts to achieve them.

Student youths should develop good habits of living in a healthy manner. In addition to engaging in physical exercise, they should pursue a sport of their choice according to their interests. They should strive to become healthy, physically fit and well-rounded individuals with strong character. Cultivating and training oneself to become the best version of oneself is also a contribution to the nation. They have to recognize that education, health and sports are interconnected and are fundamental necessities that cannot be neglected in life.

The State will pay close attention to the role of the youth and provide comprehensive support and assistance for their development. Therefore, during the tenure of the new government, a Ministry of Youth Affairs has been newly established, youth affairs policies have been formulated in order to promote the youth sector. The fact that young people are going abroad to work is highly detrimental to the country and results in the loss of significant national resources. Therefore, young people are urged to make full use of the knowledge and skills they have acquired in their own country to contribute fully to the development of their country and people and, in turn,



President U Min Aung Hlaing presents award to an outstanding student.

give back to their nation.

As it is necessary to acquire proficiency in a particular skill or profession to make a living, the youth must also learn to become well-mannered and gentle in thought, speech and conduct in accordance with religious teachings. Therefore, basic education schools have set and are teaching and training students toward the comprehensive goals of character, discipline and education. In addition, it is necessary to value and cherish Myanmar's traditional cultural heritage and preserve, protect and safeguard race, religion and the Sasana. Only by doing so can young people become outstanding and well-rounded individuals whom the nation can rely on.

The youth need to continue striving to become outstanding and exemplary individuals who live meaningful lives in accordance with the ethics and dignity expected of citizens; to faithfully and wholeheartedly serve the interests of the country and its people with patriotism and national spirit; to strive for success in life so as to become good pioneers and guides who can shape the nation's future through education; and to actively and responsibly participate in their respective capacities in building a modern and developed nation.

Then, the President presented prizes to Ma Thiri Soe, Ma Aye Chan Myae, Mg Sithu Bo, Ma Thet Hnin San, Mg Nyan Hein Zay, Ma May Zin Phone Myat, Ma Ei Kay Zin, Ma Thin Pyant Pyae Sone Khin, Mg Bhone Tezar Thway, Ma Saung Hnin Phyu and Ma Khin Nyein Su, who won the highest marks in the science combination in the entire country in matriculation examination for 2026 academic year.

Afterward, Vice President Daw Nan Ni Ni Aye presented prizes to 11 students, who won the highest marks in the art-science combination in the entire country in 2026 academic year while Speaker of the Pyithu Hluttaw U Khin Yi presented prizes to 10 students, who won the highest marks in the art combination in the entire country in 2026 academic year. Amyotha Hluttaw Speaker U Aung Lin Dway presented prizes to five students, who won the highest marks in respective combination in matriculation examination for technological, agricultural, and animal husbandry university, and five students, who won the highest marks in matriculation examination in 2026 academic year, and Commander-in-Chief of Defence Services General Ye Win Oo presented prizes to 10 students, who won the highest marks in matriculation examination in 2026.

Then, union ministers, union-level officials, the chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief and the commander of Nay Pyi Taw command presented prizes to students, who won the highest marks in matriculation examination in 2026 academic year.

Afterward, speaking words of thanks on behalf of outstanding students in matriculation examination and matriculation examination for technological, agricultural, and animal husbandry university in 2026 academic year, Ma Hnin Wint Htel of No2 Basic Education High School in Pathein said they have felt

SEE PAGE - 23

FROM PAGE - 22
for themselves the goodwill of multifaceted support of the government to nurture students into highly-qualified educated individuals. Therefore, such accomplishments were achieved thanks to exerting physical and intellectual efforts to their best by grasping the opportunity by youths. She expressed their special thanks to the President and responsible officials for the appreciation of their efforts and accomplishments in a state-level ceremony. She said she would like to highlight that achieving such accomplishments is the result of goodwill and support of the government. Therefore, they have been determined to be good citizens of the State, who are loyal to the country and the people by seriously appreciating the gratitude of the State. They are committed to exerting efforts to become educated intellectuals, who uphold the prestige of the country by serving the public interests through the academic knowledge they have learnt. They are committed to carrying out duties assigned to them by the State responsibly by cherishing the country and the people and preserving Myanmar traditional culture legacy. Finally, she promised on behalf of the outstanding students to relentlessly carry out tasks from any role they are assigned to for national development.

Then, students from No 6 Basic Education High School in Nay Pyi Taw Council Area performed musical dance entitled "Let's Honour Outstanding Ones."

Afterward, the President and attendees posed for documentary photographs together with outstanding students and the President cordially greeted the students.

After the ceremony, the President and attendees enjoy the honorary luncheon with prize-winning students.

**Myawady**

# Myanmar delegation led by Vice President U Nyo Saw departs for Russia to attend 11th Eastern Economic Forum in Vladivostok



Vice President U Nyo Saw leads Myanmar delegation to 11th Eastern Economic Forum in Vladivostok.

**NAY PYI TAW August 31**

Vice President U Nyo Saw, accompanied by Union Minister for Electric Power and Energy U Ko Ko Lwin, Deputy Minister for Digital Development and Communications U Min Zeya Hlaing, and Deputy Minister for Foreign Affairs U Ko Ko Kyaw, departed Yangon by air this morning to attend the 11th Eastern Economic Forum to be held in Vladivostok, Russian Federation.

The Myanmar delegation led by Vice President U Nyo Saw was seen off at Yangon International Airport by Union Minister for Social Welfare, Relief and Resettlement Dr. Soe Win, Yangon Region Chief Minister U Aung Naing Thu, the Commander of Yangon Command, region ministers, and officials from the Embassy of the Russian Federation in Myanmar.

**Myawady**

# Commander-in-Chief of Defence Services General Ye Win Oo receives delegation led by Thai Ambassador to Myanmar



General Ye Win Oo receives Thai Ambassador to Myanmar H.E. Mr. Tor Saralamba.

**NAY PYI TAW August 31**

Commander-in-Chief of Defence Services General Ye Win Oo received a delegation led by Thai Ambassador to Myanmar H.E. Mr. Tor Saralamba at the parlor of Bayintnaung Villa in Nay Pyi Taw this evening.

The meeting was attended by the General alongside senior military officers from the Office of the Commander-in-Chief (Army), while the Thai Ambassador to Myanmar was accompanied by officials from the embassy.

During the meeting, they warmly and openly exchanged views on enhancing diplomatic relations alongside friendship and cooperation between the two armed forces, maintaining border stability, law enforcement, and counter-terrorism, effectively combating online gambling and fraud, and controlling the illegal trafficking of weapons, ammunition, narcotics, and controlled chemicals.

Following the meeting, the General and the Thai Ambassador exchanged commemorative gifts.

**100**

## Phaungpyin Township sees preparations to grow more than 1,000 acres of vegetables

**PHAUNGPYIN August 31**

The Township Agriculture Department stated that local authorities have earmarked cultivation of more than 1,000 acres of vegetables in Phaungpyin Township of Sagaing Region in coming monsoon.

During the 2026-2027 monsoon crop cultivation season, Phaungpyin Township plans to cultivate 1,536 acres of vegetable crops, with planting set to begin in the third week of May this year.

"This year, during the monsoon cultivation season, we are targeting the cultivation of more than 1,000 acres of vegetables in Phaungpyin Township. Efforts will be made to ensure the targeted acreage is fully achieved. We will also provide cultivation techniques to help farmers grow vegetables with minimal chemical residues and in ways that are safe and suitable for health," said U Chit Win, head of the Township Agriculture Department in Phaungpyin Township.

This year, the Township Agriculture Department in Phaungpyin Township will provide technical training to vegetable growers on GAP cultivation methods, share techniques to ensure vegetables produced from farms are healthy and safe for consumption, and assist farmers in expanding vegetable cultivation.

In Phaungpyin Township, a variety of seasonal vegetables are cultivated every year. The vegetable crops grown have been successful and generate family income for local farmers. The Township Agriculture Department will also provide awareness and technical guidance to vegetable growers on proper cultivation methods, pest prevention, and the production and use of natural fertilizers, organic pesticides, and insect repellents.

**SK**

## Mawlamyinegyun Township sends 56,000 bags of Ziya rice to Yangon market

**MAWLAMYINEGYUN August 31**

Daw Ni Ni Win, the owner of rice and paddy trading depot in Mawlamyinegyun Township of Ayeyawady Region unveiled that local merchants sent 56,000 bags of Ziya rice to Yangon market.

From Mawlamyinegyun Township, 56,000 bags of Ziya rice, each containing 24 pyi, were exported and sold to the Yangon market.

"During the past month, we exported large quantities of ziya rice to the Yangon market. Agricultural products from our township are mainly sold to Yangon. This Ziya rice variety is considered a good-tasting rice. Exports increased because demand from Yangon has been strong. Even this month, buyers from the Yangon market are continuing to contact us to purchase large quantities of Ziya rice," said Daw Ni Ni Win.

The Ziya rice exported from Mawlamyinegyun Township to the Yangon market is reportedly selling at prices of up to Ks-105,000 per bag. Due to strong demand from the Yangon market, farmers, traders, freight workers, and transport operators are reportedly gaining employment opportunities from the trade.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 12 innocent civilians killed in Htamagyi Village, Mahlaing Township, due to brutal shooting by PDF terrorist insurgents

NAY PYI TAW August 31

The so-called NUG terrorist group and its subordinate, the so-called PDF terrorist insurgents, with the intention of disrupting state stability and the rule of law, have been carrying out attacks on government office buildings, dropping bombs and firing improvised rockets into peaceful residential towns, wards, and villages. Furthermore, by initiating clashes inside towns and villages, they have been relying on armed force to unlawfully and brutally commit acts of intimidation, bullying, arbitrary arrests, torture, and killings against administrative officials working for regional development, departmental staff, and students pursuing education peacefully.

While committing such brutal acts, this morning, approximately 25 armed members of the so-called PDF terrorist group arrived from the northwest of Htamagyi Village in Mahlaing Township, Mandalay Region, using three motor vehicles and motorcycles. Upon entering the village, they brutally surrounded and shot 12 innocent civilians peacefully residing there using small arms without any justification. The victims—10 men and 2 women, totalling 12 individuals—were identified as Village Administrator U Soe Lin Htike (44), U Maung Thein (43), U Chit San Maung (44), U Bo Thet Lin (40), U Than Htay Aung (39), U Wai Yan Soe (32), U Zaw Khet (45), U Hein Wanna Zaw (22), U Win Naing (44), U Ohn Maung (63), Daw Khin Mu (44), and Daw Le Le Win (44). After the shooting, the perpetrators reportedly fled along the same route they entered.

Upon receiving the report, security forces immediately arrived at the village to conduct necessary inspections. They discovered the bodies of the 12 innocent civilians who were brutally killed by the PDF terrorist insurgents. The bodies were transported to the Mahlaing People’s Hospital, and security forces are continuing required regional security operations.

Such senseless, inhumane shootings of innocent civilians constitute a War Crime under the Geneva Conventions and international law. Local residents have expressed deep revulsion, hatred, and condemnation regarding the unlawful acts of violence committed by the PDF insurgents. Security forces are cooperating with local residents to conduct necessary area clearance operations to identify, apprehend, and take legal action against the terrorists. **100**



A documentary photo showing the brutal shooting and killing of 12 innocent civilians by so-called PDF terrorist insurgents in Htamagyi Village, Mahlaing Township, Mandalay Region.

## ChaungU Township decides to grow more than 20,000 acres of pigeon pea this year

CHAUNGU August 31

ChaungU Township Agriculture Department of Sagaing Region stated that local farmers will plant more than 20,000 acres of pigeon pea as monsoon crops in the township this year.

During the 2026-2027 monsoon cropping season, ChaungU Township has targeted the cultivation of 20,300 acres of pigeon pea, and planting will be carried out from June through September this year, according to reports.

“This year, during the monsoon cropping season, ChaungU Township has targeted the cultivation of more than 20,000 acres of pigeon pea. Efforts will be made to ensure that the targeted acreage is fully achieved,” said U Tint Swe, head of the ChaungU Township Agriculture Department.

This year, the Township Agriculture Department in ChaungU Township will provide field-based education and technical assistance to pigeon pea farmers on the selection and cultivation of quality seed varieties, correct cultivation methods, pest prevention, and improving crop yields.

The Township Agriculture Department in ChaungU Township is also distributing technologies that combine the use of urea and borax in order to reduce the cost of purchasing foliar fertilizers for pigeon pea farmers. It is reported that the combined use of urea and borax helps reduce cultivation costs, keeps plants free from pests, and promotes better crop growth. **SMK**

## Tomato in high demand at domestic market in Pathein Township

PATHEIN August 31

“Trading of tomato is booming at the domestic market in Pathein Township of Ayeyawady Region,” said Daw Win Myint, the owner of green grocery trading depot in Pathein Township.

At the vegetable market in Pathein, demand for tomatoes has been strong and trading has remained good from the first week of April this year up to the present, according to reports. Tomatoes produced in the region are reportedly being traded at volumes of between 5,000 and 6,500 viss per day.

“Tomatoes are selling very well in the Pathein market. Buyers are purchasing large quantities even at the local produce market. The tomatoes being traded are free from pests and are of good quality. This year’s tomatoes are reported to have both high quality and good yields,” said Daw Win Myint.

Tomatoes are cultivated in Pathein Township, while additional supplies are also purchased and distributed from other regions. Tomatoes with strong market demand fetch Ks-4,000 to Ks-6,500 per viss, according to market sources. **SK**

## Arrangements made to grow more than 1,000 acres of maize and sweet corns

KAWLIN August 31

According to the data from Kawlin District Department of Agriculture, local authorities earmarked cultivation of more than 1,000 acres of maize and sweet corns as monsoon crops in Kawlin District of Sagaing Region in coming monsoon.

In 2026-2027 monsoon cultivation season, they adopted a plan to grow 46 acres of maize and 1,817 acres of sweet corns, totalling 1,863. Local farmers will start cultivation of crops in June this year.

During the upcoming monsoon cropping season this year, over 1,000 acres of maize—including maize and sweet corn—are planned to be cultivated in Kawlin District. Efforts will be made to achieve the targeted acreage. In order to ensure successful maize production, awareness activities will be carried out, including training on crop management and guidance to prevent pest and disease infestations, said Head of the Agriculture Department in Kawlin District Daw Mar Cho.

For the 2026-2027 monsoon cropping season, the total maize cultivation target in Kawlin District has been set by township as follows: 1,135 acres of sweet corn in Kawlin Township, 682 acres of sweet corn in Wuntho Township, and 46 acres of maize in Pinlebu Township, totalling 1,863 acres.

This year, the township agriculture departments will provide training to farmers growing grain maize and sweet corn in Kawlin District, conduct field demonstrations, and promote agricultural awareness, including the prevention of fall armyworm, integrated pest management practices such as the use of neem-based pesticides, and the safe use of ginger and chilli-based pest control methods.

In Kawlin District, maize yields over 50 baskets per acre, with a cultivation cost of about Ks-500,000 per acre. Sweet corn yields about 15,000 ears per acre, with a cultivation cost also exceeding Ks-500,000 per acre. **SK**

## ဒီဇယ်ဆီတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ ထပ်မံတိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်နေချိန်တွင် စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန်လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသောအကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း)တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၁-၈-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၉-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၉-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## ဓာတ်မြေဩဇာများတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ ထပ်မံတိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များလျှော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများတင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း)ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၁-၈-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၉-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၉-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ ထပ်မံတိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်းမြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများသက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသောအကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၈-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၉-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၉-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် (၂၉)ကြိမ်မြောက် ပန်းချီ၊ ပန်းပုကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ယူစင်တင် တင်ဆက်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ဖွင့်လှစ်စဉ်က ဝိဇ္ဇာဘွဲ့ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်မှစတင်၍ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်မှစတင်၍ မဟာဝိဇ္ဇာဘွဲ့များပါ ချီးမြှင့်ပေးနိုင်ခဲ့ပြီး ယခုအခါ ဝါရင့်ပါရဂူတန်းများဖွင့်ထားကာ မကြာခင်ကာလတွင် ပါရဂူဘွဲ့များပါ ချီးမြှင့်အပ်နှင်း နိုင်တော့မည်ဖြစ်ပြီး ၁၉၉၇-၁၉၉၈ ပညာသင်နှစ် ပထမအကြိမ်ဘွဲ့နှင်းသဘင်မှစပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ သင်တန်းအမျိုးမျိုးအတွက် ဘွဲ့၊ ဒီပလိုမာအသီးသီးကို စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၈၃၂၆ ဦးကို



ချီးမြှင့် ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် (၂၉)ကြိမ်မြောက် ဘွဲ့ယူမည့် ပန်းချီ ပန်းပု ကျောင်းသား၊ ကျောင်းသူများ၏ လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား၊ ကျောင်းသူများ၏ စင်တင်တင်ဆက်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပန်းချီ၊ ပန်းပု ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်များကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် ကောင်စီဝင်များ၊ တက္ကသိုလ်ပညာရေး အဖွဲ့ဝင်များ၊ တက္ကသိုလ်၊ ကောလိပ် အသီးသီးမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ပညာဌာနအသီးသီးမှ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး ဂီတပညာဌာနမှ မောင်မယ်စုံစွာ ဆိုင်းတော်မဟာဖြင့် တင်ဆက်မှု၊ သဘင်ပညာဌာနမှ ဝဏ္ဏသိင်္ဂီဆင်းလှဒေဝီ(နတ်ချင်းယိမ်းအက)ဖြင့် တင်ဆက်မှု၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနမှ နှလုံးသား၏ခိုလှုံရာ ဇာတ်ကားဖြင့် တင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကာ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်းသိရသည်။ **မြဝတီ**

## (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲခူး ဩဂုတ် ၃၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအဆင့် ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပဲခူးတိုင်းဒေသကြီးမှ ထိုက်တန်သည့် ဆုတံဆိပ်များရရှိနိုင်ရေး အမှန်တကယ် အရည်အချင်းရှိသော ပြိုင်ပွဲဝင်များကို စနစ်တကျရွေးချယ်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအဆင့် ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့်သက်ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌများက အခမ်းအနားပြင်ဆင်ရေး၊ ပြိုင်ပွဲဝင်များအတွက် ကြိုဆိုနေရာချထားရေး၊ ညှိခံကျွေးမွေးရေး၊ ဆုချီးမြှင့်ရေး၊ သယ်ယူပို့ဆောင်ရေး၊ မှတ်တမ်းတင်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် Online မှတက်ရောက်သည့် ကော်မတီဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများက ခရိုင်အလိုက် ပြိုင်ပွဲဝင်များနှင့် ပတ်သက်၍ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ သီးခြားတက်ရောက်ကြသည့် ဘာသာရပ်အလိုက်နည်းပြများ၊ အနုပညာရှင်များက ပြိုင်ပွဲဝင်ရွေးချယ်မှု၊ အမှတ်ပေးစည်းမျဉ်းနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲဝင်များစခန်းသွင်းလေ့ကျင့်ပေးမည့်အစီအစဉ်များအား အကြံပြုဆွေးနွေးတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

ဥဿာတိုင်းသား

◆ ကျောဖုံးမှအဆက်

အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်တို့သို့ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

**နံနက်စောစောနေရောင်ခြည်သည် အရိုးအဆစ်များကို သန်မာစေနိုင်သည်။**

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၁

ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့်ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား (၃၀၀)ပေ၊ အနံ (၄၅) ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာမိုင် ၁၁/၅ နှင့် ၁၁ / ၆ ကြားတွင် အလျား ၃၅၀ ပေ ခန့်အား တုတ်တန်းရိုက် သဲအိတ်ဖြည့်၍ မူရင်းတာ၏ တာခြေထောက် Second Bund Level အား မူလနိမ့်မြင့်မှတ် (၁၅) ပေမှ (၂၀)ပေ သို့ မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ တုတ်တန်းအား အတွင်းဘက်မှ သဲအိတ်ဖြင့် Slope အခြေထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တာခြေတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ တာလမ်းကြောင်းရှင်းခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။


(၁၀၀)





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်




နေပြည်တော် ဩဂုတ် ၃၁

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှစက်တင်ဘာလ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်းကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် ဩဂုတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/ဇလ)

# အာဂျင်တီးနား လက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အသင်းခေါင်းဆောင် မက်ဆီ အတည်ပြုကြေညာ



ဗျူနိုစ်အေရိဒ် ဩဂုတ် ၃၁

အာဂျင်တီးနားအသင်းနှင့် အင်တာမိုင်ယာမီအသင်းခေါင်းဆောင် မက်ဆီသည် အာဂျင်တီးနားလက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူပြီဟု ယနေ့တွင် အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၉ နှစ်ရှိမက်ဆီသည်ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်မှစတင်ကာ အာဂျင်တီးနားအသင်းနှင့်အတူ နိုင်ငံတကာပွဲများတွင် စတင်ပါဝင်ကစားခဲ့ပြီး လက်ရွေးစင်အသင်းနှင့်အတူ နှစ်ပေါင်း ၂၁ နှစ်ကြာ ကစားခဲ့ပြီးနောက်အာဂျင်တီးနားအသင်းကစားသမားဘဝမှ အနားယူရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီက အာဂျင်တီးနားအသင်းကစားသမားဘဝမှအနားယူရန်အတွက်ပြီးခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးကတည်းက စီစဉ်ထားသော်လည်း ယနေ့မှသာ အာဂျင်တီးနားအသင်းကစားသမားဘဝမှ အနားယူကြောင်းအတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဖလားချန်ပီယံဆုတစ်ကြိမ်၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် ကိုပါအမေရိကဖလား ချန်ပီယံဆုနှစ်ကြိမ်၊ ၂၀၂၂ ခုနှစ်တွင် Finalissima ဆုဖလားတစ်ကြိမ်၊ ၂၀၀၈ ခုနှစ်တွင် အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုတစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ မက်ဆီသည်အာဂျင်တီးနားအသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲစုံ ၂၀၇ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၂၅ ဂိုးထိသွင်းယူနိုင်ခဲ့ကာ အသင်းတွင်သွင်းဂိုးအများဆုံးကစားသမား၊ နိုင်ငံတကာပွဲအများဆုံးကစားသမားအဖြစ်လည်း ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းကစားသမားဘဝအနားယူကြောင်းအတည်ပြုကြေညာခဲ့သော်လည်း ကလပ်အသင်းကစားသမားဘဝအနားယူမည့်အချိန်ကို ကြေညာထားခြင်းမရှိသေးဘဲ အင်တာမိုင်ယာမီအသင်းနှင့် ယခုနှစ်ဘောလုံးရာသီအကုန်ထိ စာချုပ်သက်တမ်းကျန်ရှိနေသေးကြောင်း သိရသည်။ **စည်သူအောင်**

# ရေတာရှည်မြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ( ရွှေပြည်ကုန်း )ရှိ စစ်မှုထမ်းဟောင်းမိသားစုဝင်များအား တွေ့ဆုံ




**နေပြည်တော် ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ရှိ အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (ရွှေပြည်ကုန်း)ရှိစစ်မှုထမ်းဟောင်းမိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့်တာဝန်ရှိသူများက အဆိုပါအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းမိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်း မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (ရွှေပြည်ကုန်း)ရှိ အိမ်ခန်းများအတွင်း ထည့်ဝင်မည့် ပရိဘောဂပစ္စည်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် စစ်မှုထမ်းဟောင်း မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လက်နက်များဖြင့် ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခြင်းကြောင့် မလှိုင်မြို့နယ်၊ ထမ္ဗကြီးကျေးရွာမှ အပြစ်မဲ့အရပ်သားပြည်သူ ၁၂ ဦးသေဆုံး

**နေပြည်တော် ဩဂုတ် ၃၁**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ အေးချမ်းစွာနေထိုင်လျက်ရှိသော ဒေသခံပြည်သူများနေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ Drop Bomb များဖြင့်ပစ်ချတိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်းများအပြင် မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်၊ ဗိုလ်ကျ၊ ဖမ်းဆီးနှိပ်စက်ပစ်ခတ်သတ်ဖြတ်ခြင်းများကို နည်းမျိုးစုံဖြင့် ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြသည်။

ထိုသို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ထမ္ဗကြီးကျေးရွာ၏ အနောက်မြောက်ဘက်မှ လက်နက်ကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ၂၅ ဦးခန့်သည် မော်တော်ယာဉ် ၃ စီး၊ မော်တော်ဆိုင်ကယ်များဖြင့် ကျေးရွာအတွင်းသို့ဝင်ရောက်လာကာ ကျေးရွာအတွင်း အေးချမ်းစွာနေထိုင်လျက်ရှိသည့် အပြစ်မဲ့အရပ်သားပြည်သူများဖြစ်ကြသော ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးလင်းထိုက်(၄၄)နှစ်၊ ဦးမောင်သိန်း (၄၃)နှစ်၊ ဦးချစ်စမ်းမောင် (၄၄)နှစ်၊ ဦးဗိုလ်သက်လင်း (၄၀)နှစ်၊ ဦးသန်းဌေးအောင် (၃၉) နှစ်၊ ဦးဝေယံစိုး (၃၂) နှစ်၊ ဦးဇော်ခက်(၄၅)နှစ်၊ ဦးဟိန်းဝဏ္ဏဇော် (၂၂)နှစ်၊ ဦးဝင်းနိုင် (၄၄)နှစ်၊ ဦးအုန်းမောင် (၆၃)နှစ်၊ ဒေါ်ခင်မူ (၄၄)နှစ်နှင့် ဒေါ်လဲ့လဲ့ဝင်း (၄၄)နှစ်တို့ဖြစ်၍ အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၁၂ ဦးတို့အား လက်နက်အားကိုးဖြင့်အကြောင်းမဲ့ယုတ်မာရိုင်းစိုင်းစွာ လက်နက်ငယ်များဖြင့် ရက်ရက်စက်စက် ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်ခဲ့ကြပြီး ကျေးရွာအတွင်းသို့ ဝင်ရောက်လာခဲ့သည့် လမ်းကြောင်းအတိုင်း ပြန်လည်ထွက်ခွာသွားခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်ဖြစ်ပွားမှုအား သိလျှင်သိချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာသို့ သွားရောက်၍ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ PDF အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အပြစ်မဲ့ပြည်သူ (၁၂)ဦး၏ ရုပ်အလောင်းများအားတွေ့ရှိခဲ့ရပြီး အဆိုပါသေဆုံးသူများ၏ ရုပ်အလောင်းများအား မလှိုင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ဆင်ခြင်တုံတရားမဲ့စွာဖြင့် အပြစ်မဲ့ အရပ်သားပြည်သူများအား လူမဆန်စွာပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး PDF အကြမ်းဖက်သောင်းကျန်းသူများ၏ ဆင်ခြင်တုံတရားမဲ့စွာ ဥပဒေမဲ့ အကြမ်းဖက်လုပ်ဆောင်ခဲ့မှုအပေါ် ဒေသခံပြည်သူများက စက်ဆုပ်ရွံရှာမုန်းတီးစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)





မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ထမ္ဗကြီးကျေးရွာ၌ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ပြည်သူ ၁၂ ဦးသေဆုံးခဲ့ရမှုတည်နေရာပြမြေပုံ။



မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ထမ္ဗကြီးကျေးရွာ၌ အပြစ်မဲ့အရပ်သားပြည်သူ ၁၂ ဦးတို့အား PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။

## မိုးလေဝသ သတင်း




**ထူးခြားသည့်နေ့အပူချိန်များ**

| | |
|---|---|
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၆.၂° C |
| ချောက် | ၃၅.၈° C |
| မြင်းမူ | ၃၅.၈° C |
| ညောင်ဦး | ၃၅.၂° C |
| ကျောက်ဆည် (လွန်ကျော်) | ၃၅° C |
| ပခုက္ကူ | ၃၅° C |
| ကလေးဝ | ၃၄.၆° C |
| အောင်လံ | ၃၄.၄° C |
| စစ်ကိုင်း | ၃၄.၄° C |
| မန္တလေး | ၃၄.၂° C |

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

| | |
|---|---|
| ပူတာအို | (၄.၀၂)လက်မ |
| ချောင်းဆုံ | (၃.၇၈)လက်မ |
| ဘီးလင်း | (၃.၃၅)လက်မ |
| ကျောက်တန်း | (၃.၃၁)လက်မ |
| ရေး | (၃.၂၈)လက်မ |
| မုဒုံ | (၃.၁၁)လက်မ |
| သထုံ | (၂.၉၅)လက်မ |
| မော်လမြိုင် | (၂.၆၇)လက်မ |
| ဟုမ္မလင်း | (၂.၆၄)လက်မ |
| ဘားအံ | (၂.၅၇)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၁ |
| ရှမ်း(မြောက်) | ၂၁ | ၂၈ |
| ရှမ်း(အရှေ့) | ၂၁ | ၂၈ |
| ရှမ်း(တောင်) | ၁၉ | ၂၅ |
| ချင်း | ၁၄ | ၂၂ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၂ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၄ |
| နေပြည်တော် | ၂၄ | ၃၁ |
| မန္တလေး | ၂၇ | ၃၅ |
| မကွေး | ၂၄ | ၃၃ |
| ရခိုင် | ၂၄ | ၃၀ |
| ပဲခူး | ၂၂ | ၃၀ |
| ရန်ကုန် | ၂၄ | ၃၁ |
| ဧရာဝတီ | ၂၃ | ၃၁ |
| ကယား | ၂၀ | ၂၆ |
| ကရင် | ၂၂ | ၃၀ |
| မွန် | ၂၃ | ၃၀ |
| တနင်္သာရီ | ၂၄ | ၃၁ |

## သောင်ရင်းမြစ်ရေ မြဝတီမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေ ၆ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# Vuelta a Espana စက်ဘီးစီးပြိုင်ပွဲတွင် ဒဏ်ရာရရှိသည့် ပိုဂါကာ ဂရန်းတာဝါအဆင့် ပြိုင်ပွဲသုံးရပ်ချန်ပီယံဖြစ်နိုင်မည့်မျှော်လင့်ချက်ရပ်တန့်

**မက်ဒရစ် ဩဂုတ် ၃၁**

စပိန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် Vuelta a Espana စက်ဘီးစီးပြိုင်ပွဲတွင် ထိပ်ဆုံးမှ ဦးဆောင်နေသော ယူအေအီးအသင်း စက်ဘီးစီးကစားသမား ပိုဂါကာသည် မတော်တဆမှုတစ်ခုကြောင့် ပြင်းထန်သည့်ဒဏ်ရာရရှိသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရပြီး ဂရန်းတာဝါအဆင့်ပြိုင်ပွဲသုံးရပ် ချန်ပီယံဆုဆွတ်ခူးနိုင်မည့်ကစားသမားအဖြစ် ရပ်တည်နိုင်မည့် မျှော်လင့်ချက် ရပ်တန့်ခဲ့ရသည်။



ပိုဂါကာသည် Vuelta a Espana စက်ဘီးစီးပြိုင်ပွဲ အဆင့်(၈)ပြိုင်ပွဲအဖြစ် ကစားခဲ့သည့်ပွဲစဉ်၌ ပန်းတိုင်ရောက်ရန် ၃၃ကီလိုမီတာအကွာတွင် ပြိုင်ပွဲဝင်ကစားသမားများ၏ စက်ဘီးမတော်တဆမှုကြောင့် ပြင်းထန်သည့် ဒဏ်ရာရရှိခဲ့ပြီးနောက် ဆက်လက်ပြိုင်ပွဲဝင်နိုင်ခြင်းမရှိသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

ပိုဂါကာသည် စက်ဘီးမတော်တဆမှုကြောင့် ရရှိသည့်ဒဏ်ရာများကို ဆေးစစ်မှုများလုပ်ဆောင်အပြီးတွင် ၎င်းအနေဖြင့် ဘယ်ဘက်ညှပ်ရိုးကျိုးသကဲ့သို့ လည်ပင်းရိုးနှင့် ဦးခေါင်းတို့တွင်လည်း ထိခိုက်ဒဏ်ရာများရရှိပြီး ပြိုင်ပွဲဆက်လက်ကစားနိုင်ခြင်းမရှိတော့ဘဲ ခွဲစိတ်ကုသရမည်ဖြစ်သည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပိုဂါကာသည် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် အခြေအနေကောင်းများပိုင်ဆိုင်ထားသူဖြစ်ပြီး ဒဏ်ရာကြောင့် ဆက်လက်ပါဝင်နိုင်ခြင်းမရှိသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။

ပိုဂါကာသည် တိုးဒီဖန်ဖရန့်စက်ဘီးစီးပြိုင်ပွဲနှင့် ဂီရိုအီတာလီယာစက်ဘီးစီးပြိုင်ပွဲတို့တွင် ချန်ပီယံဆုဆွတ်ခူးထားနိုင်ပြီး Vuelta a Espana စက်ဘီးစီးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်မည်ဆိုပါက ဂရန်းတာဝါအဆင့်ပြိုင်ပွဲသုံးရပ်စလုံးတွင် ချန်ပီယံဆုဆွတ်ခူးနိုင်မည့် ကစားသမားဖြစ်လာမည်ဖြစ်သော်လည်း လက်ရှိတွင် ဒဏ်ရာကြောင့် နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိ Vuelta a Espana စက်ဘီးစီးပြိုင်ပွဲကို ပိုဂါကာ၏အသင်းဖော်များဖြစ်ကြသည့် ရစ်မက်ခ်နှင့် ရက်ဒ်ဂျာဆီတို့က ထိပ်ဆုံးမှဦးဆောင်နေကြောင်း သိရသည်။

*Ref:TNT Sports*

# အယ်ဗာရက်ဇ်နှင့် ဘာစီလိုနာအသင်းတို့ အပြောင်းအရွှေ့အတွက် အယ်ဟီလယ်အသင်းက ကြားခံညှိနှိုင်းမှုများလုပ်ဆောင်

**ရီယက် ဩဂုတ် ၃၁**

ဆော်ဒီထိပ်တန်းကလပ် အယ်ဟီလယ်အသင်းက ဘာစီလိုနာအသင်းနှင့် အယ်ဗာရက်ဇ်တို့ကြား အပြောင်းအရွှေ့ကြန့်ကြာနေမှုကို အဆုံးသတ်ရန် ကြားခံညှိနှိုင်းမှုများ လုပ်ဆောင်နေသည်။


ယခုအပြောင်းအရွှေ့ကာလအစပိုင်းကတည်းက အယ်ဗာရက်ဇ်က အသင်းမှထွက်ခွာပြီး ဘာစီလိုနာအသင်းထံ ပြောင်းရွှေ့ကစားရန် တောင်းဆိုထားသကဲ့သို့ ဘာစီလိုနာအသင်းကလည်း ခေါ်ယူရန် ကာလရှည်ကြိုးပမ်းနေခြင်းဖြစ်သည်။

သို့သော် အက်သလက်တီကိုအသင်းက အယ်ဗာရက်ဇ်အတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၂၀ သတ်မှတ်ထားပြီး ဘာစီလိုနာအသင်းက အဆိုပါပြောင်းရွှေ့ကြေးကို ပေးချေလိုသော်လည်း အက်သလက်တီကိုအသင်းက ဒေသတွင်းပြိုင်ဘက်အသင်းထံ ရောင်းချလိုခြင်းမရှိသည့်အတွက် ဘာစီလိုနာအသင်း၏ကမ်းလှမ်းမှုများကို ပယ်ချထားခြင်းဖြစ်သည်။

ယခုအခါ အယ်ဟီလယ်အသင်းက ဘာစီလိုနာအသင်းနှင့် အယ်ဗာရက်ဇ်တို့အပြောင်းအရွှေ့ကို အပြီးသတ်ရန် ကြားခံဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

အယ်ဟီလယ်အသင်းက အယ်ဗာရက်ဇ်အတွက် အက်သလက်တီကိုအသင်းတောင်းဆိုထားသည့် ပြောင်းရွှေ့ကြေး ယူရို သန်း ၁၂၀ ကို ပေးချေပြီး အသင်းထံခေါ်ယူမည်ဖြစ်ကာ အသင်းတွင် အယ်ဗာရက်ဇ်ကို ခြောက်လကြာကစားစေမည်ဖြစ်ပြီး လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အယ်ဗာရက်ဇ်အား ဘာစီလိုနာအသင်းထံ ပြောင်းရွှေ့ကြေး ယူရို သန်း ၁၃၀ ဖြင့် ထွက်ခွာခွင့်ပေးမည့်အချက်ဖြင့် ကြားခံကူညီမှုများလုပ်ဆောင်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

*Ref:Topskillsports UK*



# ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံးဟက်ထရစ်သွင်းဂိုးရှင်အဖြစ် ဖာနန်ဒက်စ်ရပ်တည်

**မန်ချက်စတာ ဩဂုတ် ၃၁**

မန်ယူအသင်းကွင်းလယ်ကစားသမား ဖာနန်ဒက်စ်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ်ကစားသော မန်ယူအသင်းက အစ်ဗ့စ်ချ်အသင်းကို ၅ ဂိုး-၂ ဂိုးဖြင့်အနိုင်ရရှိသည့်ပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ပြီးနောက် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံးဟက်ထရစ်သွင်းဂိုးရှင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

မန်ယူအသင်းနှင့် အစ်ဗ့စ်ချ်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ဖာနန်ဒက်စ်သည် ပွဲချိန် မိနစ် ၄၀ တွင် ပထမသွင်းဂိုး၊ ပွဲချိန် ၆၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဒုတိယသွင်းဂိုးနှင့် ပွဲချိန် ၆၈ မိနစ်တွင် တတိယသွင်းဂိုးတို့ကိုသွင်းယူနိုင်ပြီးနောက် ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံးဟက်ထရစ်သွင်းဂိုးရှင်အဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးဖန်တီးမှု ၂၁ ကြိမ်အထိပြုလုပ်နိုင်ခဲ့ပြီးနောက် PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအပါအဝင် တစ်ဦးချင်းဆုတံဆိပ်များစွာဆွတ်ခူးနိုင်ခဲ့သော ဖာနန်ဒက်စ်သည် ယခုဘောလုံးရာသီ အဖွင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဟူးလ်စီးတီးအသင်းနှင့်ပွဲစဉ်တွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသော်လည်း အစ်ဗ့စ်ချ်အသင်းနှင့်ပွဲစဉ်တွင် ကိုယ်တိုင်ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်သည့်အပြင် ပွဲချိန် ၈၂ မိနစ်တွင်သွင်းယူနိုင်သည့် အသင်းဖော် အမ်ဘူမို၏သွင်းဂိုးကိုလည်း ဖန်တီးမှုပြုလုပ်နိုင်ခဲ့သည်။

ဖာနန်ဒက်စ်သည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဒုတိယအကြိမ် ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref:365Scores*

# ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဂျက်ဆီကာပီဂူလာ ဒုတိယအဆင့်တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၃၁**

အမေရိကန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို စတင်ကျင်းပပြီးနောက် အမေရိကန်ထိပ်တန်းတင်းနစ်မယ်ဂျက်ဆီကာပီဂူလာကရိုမေးနီးယားတင်းနစ်မယ် ရူဆီကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။



လက်ရှိ ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဂျက်ဆီကာပီဂူလာအနေဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေ အဆင့်(၃)နေရာ၌ ရပ်တည်နေသည့်ကစားသမားဖြစ်ပြီး ပထမအဆင့်ပွဲစဉ်တွင်ပင် ရူဆီကို လက်ရည်အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဂျက်ဆီကာပီဂူလာသည် ပထမပွဲငယ်တွင် (၆-၃)ရလဒ်၊ ဒုတိယပွဲငယ်တွင်(၆-၂)ရလဒ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီးနောက် ဒုတိယအဆင့်သို့တက်ရောက်နိုင်ခဲ့သည်။

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲသို့ ဂျက်ဆီကာပီဂူလာနှင့်အတူ ခရိုအေးရှားတင်းနစ်မယ် ဗီကစ်၊ အီတလီတင်းနစ်မယ်ပါလိုလီနီ၊ ဥဇဘတ်ကစ္စတန်တင်းနစ်မယ် ရာခီမိုဗာတို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

*Ref:APGA Tennis*

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသား မိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၀၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆ |
| | | | ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |

## ပြည်ထောင်စုနယ်မြေလိပ်စာဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် အခွန်ထမ်းကုမ္ပဏီများအတွက် အသိပေးကြေညာချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွင်း ထိရောက်ကောင်းမွန်သောအခွန်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခွန်ရုံးအသီးသီးတွင် ထမ်းဆောင်ရမည့်အခွန်ထမ်းကုမ္ပဏီများအား စံသတ်မှတ်ချက်များနှင့်အညီခွဲဝေ၍ အခွန်စည်းကြပ်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ စံသတ်မှတ်ချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေလိပ်စာဖြင့်မှတ်ပုံတင်ထားသောကုမ္ပဏီများအားလုံးနှင့် အဆိုပါဒေသများတွင် ထပ်မံဖွဲ့စည်းတည်ထောင်မည့်ကုမ္ပဏီအသစ်များအားလုံးကို လမ်း ၆၀၊ ၁၀၁(A)လမ်းနှင့် ၁၀၂ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅)တွင် အခွန်စည်းကြပ်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ယခုအခါ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေလိပ်စာဖြင့် ကုမ္ပဏီမှတ်ပုံတင်ထားသောကုမ္ပဏီများအားလုံးနှင့် အဆိုပါလိပ်စာဖြင့်ထပ်မံဖွဲ့စည်းတည်ထောင်မည့် ကုမ္ပဏီအသစ်များ၏ အခွန်စည်းကြပ်မှုဆိုင်ရာကိစ္စရပ်များ လွယ်ကူအဆင်ပြေစေရန်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၆)(ယာဉ်ရပ်နားဝင်း)၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅) နေပြည်တော်(ရုံးခွဲ)တွင် ၁-၉-၂၀၂၆ ရက်နေ့မှစ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၅၀၈၄၀၀၈၊ ၀၉-၂၅၀၀၀၀၇၁၈ နှင့် ၀၉-၅၁၉၈၅၃၅ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**
မောင်ဝင်းခိုင်(ဘ)ဦးကျော်ဝင်း ၁၂/မရက(နိုင်)၁၁၁၆၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နန်းဝေအောင်(ဘ)ဦးညိုလွင် ၅/ကနန(နိုင်)၁၃၀၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၃၄၅၇၃၈၉

**ပျောက်ဆုံးကြောင်း**
ကျော်စိုးလင်း(ဘ)ဦးမောင်မောင်ခင် ၉/ပမန(နိုင်)၂၁၃၂၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 512136)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၈၇၉၀၄၂၀

**ပျောက်ဆုံးကြောင်း**
ခွန်ဇော်မျိုးသိန်း(ဘ)ဦးမြသိန်း ၇/ကတခ(နိုင်)၁၉၁၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ဖခင်အမည်မှန်**
ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း၊ Grade-8 မှ မောင်ဖြိုးဝေအောင်၏ဖခင်အမည်မှန်မှာ ဦးဇော်မျိုးအောင် ၈/ဆပဝ(နိုင်)၀၈၈၄၃၀ ဖြစ်ပါကြောင်း။
ဦးဇော်မျိုးအောင်

**အမည်ပြောင်း**
အဘ ဦးဇင်သူအောင် ၁၀/သထန(နိုင်)၁၉၅၃၅၄ ၏သား ဘီးလင်းမြို့၊ အ.မ.က မြို့သစ်ကျောင်း၊ Grade-5 မှ Saw Blessing အား စောဘလယ်ဇင်ဟုပြောင်းလဲခေါ်ဆိုပါရန်။
စောဘလယ်ဇင်

**ပျောက်ဆုံးကြောင်း**
ခွန်စိုးအောင်(ဘ)ဦးထွန်းတင် ၃/ဘအန(နိုင်)၁၈၄၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မသဇ္ဇာဦး(ဘ)ဦးအောင်နိုင်ဝင်း ၈/ပခက(နိုင်)၃၄၈၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
စောဝါးဝါး(ဘ)ဦးဖိုးတု ၁၄/အမန(နိုင်)၁၅၁၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၇၇၉၉၃၃၈၄၂

**ပျောက်ဆုံးကြောင်း**
မေသက်ဌေး(ဘ)ဦးငြိမ်းမောင် ၅/ဟမလ(နိုင်)၀၀၀၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နိန်တန်း(ဘ)ဦးငိုင်းနိန် ၄/မတန(နိုင်)၀၄၀၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ခင်သန္တာဦး(ဘ)ဦးစန်းအေး ၁၄/မအပ(နိုင်)၂၈၀၁၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၆၂၁၃၂၁

**ပျောက်ဆုံးကြောင်း**
ရတနာမွန်(ဘ)ဦးသန်းဌေး ၈/မကန(နိုင်)၃၃၁၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၁၃၆၂၃၇

**ပျောက်ဆုံးကြောင်း**
ခိုင်နှင်းဝေ(ဘ)ဦးဖိုးအေး ၉/လဝန(နိုင်)၂၇၆၀၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 944275)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အောင်ကိုကို(ဘ)ဦးလှသန်း ၁၄/ဟသတ(နိုင်)၂၉၂၂၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကျော်စွာမြင့်(ဘ)ဦးမြင့်ကျော် ၉/မနမ(နိုင်)၁၀၇၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၂၀၀၁၉၅

**ပျောက်ဆုံးကြောင်း**
မောင်မိုးတင်(ဘ)ဦးမောင်ကျော်ဇော ၁၁/ပဏတ(နိုင်)၀၅၀၁၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၇၂၀၅၉၄

**ပျောက်ဆုံးကြောင်း**
ကျော်ခန့်မင်း(ဘ)ဦးစိန်ကျော်ဦး ၁၁/သတန(နိုင်)၀၈၃၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၂၈၀၁၇၁

**ပျောက်ဆုံးကြောင်း**
အေးသဇ္ဇာခိုင်(ဘ)ဦးသန်းမြင့် ၉/မခန(နိုင်)၃၀၁၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ရေစကြို အ.ထ.က Grade-12 တွင် ပညာသင်ကြားနေသော မချောအိဖြူ၏ဖခင် ဦးမောင်နိုင်၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၇၃၄၀၃ အရ ဦးနိုင်လင်း ဖြစ်ပါကြောင်း။
ဦးနိုင်လင်း

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ချင်းယားကုန်း အ.ထ.က(ခွဲ)Grade-8 မှ မောင်အောင်ကျော်ဦးနှင့် Grade-6 မှ မောင်ဝေယံဖြိုးတို့၏ဖခင် ဦးမြင့်ကို၏အမည်မှန်မှာ ဦးမြင့်သိန်း ၈/ရစက(နိုင်)၁၀၉၅၂၉ ဖြစ်ပါကြောင်း။
ဦးမြင့်သိန်း

**ပျောက်ဆုံးကြောင်း**
စိုးမြင့်(ခ)ဦးကြည်ဝင်း ၁၂/လမတ(နိုင်)၀၀၄၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၀၅၅၅၅၁

**ပျောက်ဆုံးကြောင်း**
စိုးအာကာနိုင်(ဘ)ဦးတိုးနိုင် ၈/ပခက(နိုင်)၂၈၅၈၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၄၂၁၂၃၂

**ပျောက်ဆုံးကြောင်း**
အေးကြူ(ဘ)ဦးသောင်းဟိန်း ၁၀/မဒန(နိုင်)၁၅၂၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၁၃၅၆၂၇

**ပျောက်ဆုံးကြောင်း**
ယွန်းဝတီလွင်(ဘ)ဦးကျော်စိုးလွင် ၈/အလန(နိုင်)၂၂၂၉၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မျိုးမြင့်(ဘ)ဦးညွန့်မောင် ၁၄/မအန(နိုင်)၂၄၂၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၇၀၃၃၀၄၂

**ပျောက်ဆုံးကြောင်း**
ဗျက်ကီး(ဘ)ဦးလားရင်းငါ ၅/ကလထ(နိုင်)၀၂၆၄၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကရင်ပြည်နယ်၊ မြဝတီမြို့၊ ထီးကော်ထောရွာနေ မဇင်ထွေး(ဘ)ဦးတိုင်းအောင် ၃/မဝတ(နိုင်)၀၈၇၂၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 827576)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၆၇၀၈၁၄၆

**ပျောက်ဆုံးကြောင်း**
ကွမ်းခြံကုန်းမြို့နယ်နေ ဝင်းမင်းခိုင်(ဘ)ဦးသောင်းဝင်း ၁၂/ကခက(နိုင်)၀၈၆၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၄၇၈၀၀၀

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အ.ထ.က(၁)၊ Grade(12) အခန်း(C)တွင်ပညာသင်ကြားနေသော မောင်ဖြိုးရာဇာ၏ ဖခင်အမည်မှန်မှာ ၁၄/ဖပန (နိုင်)၁၁၆၀၇၂ ကိုင်ဆောင်သူ ဦးနိုင်ဆွေဦးဖြစ်ပါကြောင်း။
ဦးနိုင်ဆွေဦး

**ပျောက်ဆုံးကြောင်း**
မြဝတီမြို့၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၅)ရပ်ကွက်နေ ဦးဝင်းထွန်း(ဘ) ဦးဘာဆာ ၃/ကကရ(နိုင်)၀၆၁၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၅၁၄၀၄၁

**ပျောက်ဆုံးကြောင်း**
ညောင်လေးပင်မြို့နယ်၊ ကျွန်းကုန်းကျေးရွာနေ သက်ဖြိုးလင်း(ဘ)ဦးညွန့်ဝင်း ၇/ညလပ(နိုင်)၁၃၆၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 692609)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




**အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်**

ရန်ကုန်၊ကျောက်တံခါး၊ပဲခူးယ်ကုန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါးဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။၉၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

*Quality For You* VEGA **ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ** VEGA *Quality For You*

**အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ**

သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား




**ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၅ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

**ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀



စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅


STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဥ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ထွက်ခွာ




ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေး ဖိုရမ်သို့တက်ရောက်ရန် ဒုတိယသမ္မတ ဦးညိုစောသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာသည်။

ဒုတိယသမ္မတဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **မြဝတီ**

## AFC U - 20 Asian Cup ခြေစစ်ပွဲ အဖွင့်ပွဲစဉ်တွင် မြန်မာယူ-၂၀ အသင်းက သီရိလင်္ကာယူ-၂၀ အသင်းကို ဂိုးပြတ်သွင်းအနိုင်ယူ




**ရန်ကုန် ဩဂုတ် ၃၁**

2027 AFC U – 20 Asian Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ လက်ခံကျင်းပလျက်ရှိရာ ယနေ့ညနေပိုင်းတွင် အဆိုပါအုပ်စု(K) ပွဲစဉ်တစ်ပွဲဖြစ်သည့် **စာမျက်နှာ ၁၈ ကော်လံ ၁** ⇛

## ယနေ့ဖတ်စရာ

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ**

စာ – ၆ သို့

**ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ**

စာ – ၂၆ သို့

**ရထားပြေးဆွဲမှုယာယီရပ်နားခဲ့ရသည့် ပြင်ဦးလွင်-ဂုတ်ထိပ် အစုန်/အဆန် ရထားခရီးစဉ်အား လာမည့်စနေနေ့မှစ၍ အပတ်စဉ်ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်**

စာ – ၅ သို့

## တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (၄)ယောက်တွဲအဖွဲ့လိုက် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဆက်လက်ကျင်းပ




**နေပြည်တော် ဩဂုတ် ၃၁**

အားကစားရေးရာဝန်ကြီးဌာနအားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

**စာမျက်နှာ ၄ ကော်လံ ၃** ➡

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ



**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံအနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေနှင့်ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော **စာမျက်နှာ ၂၅ ကော်လံ ၅** ◆